ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် အင်္ဂါနေ့။ Tuesday, 23 June 2026 ၁၂၂၁၈



## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Phoenix သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြား

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၄

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ခံဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



## သထုံမြို့နယ်၌ ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်း

**သထုံ ဇွန် ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်၌ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဇွန် ၂၁ ရက်တွင် ဆောင်ရွက်ခဲ့ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

## နေပြည်တော်ကောင်စီနယ်မြေတွင် EV Bus များဖြင့် မြို့တွင်းယာဉ်လိုင်း ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၆

## အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် အကူအညီပေးရေးစင်တာ ဖွင့်လှစ်ဆောင်ရွက်ပြီး အခွန်ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော် စာမျက်နှာ » ၇

## မူးယစ်ဆေးရန် တို့တွန်းလှန် ပူးပေါင်းတိုက်ဖျက် နိုင်ငံအတွက်

ဆောင်းပါး စာမျက်နှာ » ၁၁

## တွန်းဇံမြို့နယ်၌ အခြေခံပညာကျောင်း ၄၃ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၃၀၆၀ တက်ရောက်

**ဟားခါး ဇွန် ၂၂**

တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးစီမံဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ သက်ဆိုင်ကဏ္ဍများအလိုက် တာဝန်ရှိသူများ ပါဝင်သည့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အနေဖြင့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ ရက်တွင် ခေတ္တတိမ်းရှောင်ခဲ့သည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ■

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား(ဒလ) ဖြတ်သန်းသွားလာခွင့်အား ည ၁၂ နာရီအထိ အချိန်တိုးမြှင့်ခွင့်ပြု

**ရန်ကုန် ဇွန် ၂၂**

မြန်မာ - ကိုရီးယား ချစ်ကြည်ရေးတံတား(ဒလ)ပေါ်မှ ဖြတ်သန်းသွားလာခွင့် အချိန်အား မူလသတ်မှတ်ထားသည့် ည ၁၀ နာရီအစား ည ၁၂ နာရီအထိ အချိန်ထပ်တိုး သုံးစွဲခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



ကြေးမုံ

# နိုင်ငံ့ပုံရိပ်ထိခိုက်နှောင့်ယှက်သည့် လှုံ့ဆော်မှုများရှောင်ရှားတိုက်ဖျက်

နည်းပညာတိုးတက်လာမှုနှင့်အတူ နေ့စဉ်နှင့်အမျှ အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို အလွယ်တကူ သိမြင်လာရသည်။ ပြည်သူများ၏ အသိဉာဏ်ပညာ ဗဟုသုတရှိမှုအလိုက် အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်လာနိုင်ကြသည်။ မြန်မာနိုင်ငံအပေါ် အကောင်းမြင်စိတ်ထားရှိကြသူများနှင့် အပြုသဘောမဆောင် အကောင်းမမြင်သူများကြား၌ သတင်းတု၊ သတင်းမှား၊ မမှန်သတင်းဖြန့်ချိနေသူများ၏ နေ့စဉ်နှင့်အမျှ နှောင့်ယှက်မှုများရှိနေသည်။ မိမိနိုင်ငံ၏ ပုံရိပ်များကောင်းမွန်မှ မိမိနိုင်ငံ၏ ဂုဏ်သိက္ခာကောင်းမွန်မည်ဖြစ်၍ နိုင်ငံ့ပုံရိပ်ထိခိုက်အောင် နှောင့်ယှက်နေမှုများအား ရှောင်ရှားခြင်း၊ ပြန်လည်တုံ့ပြန်ခြင်း၊ ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်ခြင်းတို့ ပြုလုပ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ပုံရိပ်ထိခိုက်အောင် မြန်မာနိုင်ငံသားများက အဓိကပြုလုပ်နေကြခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမျှ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားထိခိုက်အောင် နှောင့်ယှက်ဖျက်ဆီးကြသူရှားသည်။ ကမ္ဘာပေါ်ရှိ လူ့အသိုက်အဝန်းများကြားတွင် ယုံကြည်ချက်၊ ခံယူချက်၊ သဘောထားများ ကွဲပြားခြားနားကြရာတွင်လည်းကောင်း၊ အထူးသဖြင့် နိုင်ငံရေးခံယူချက် မတူကွဲပြားခြားနားလျှင်လည်းကောင်း ပြန်လည်တုံ့ပြန်ကြရာ၌ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွား၊ မိမိနိုင်ငံပုံရိပ်ကို ထိခိုက်နစ်နာအောင် ပြုလုပ်သူရှားသည်။ မြန်မာနိုင်ငံတွင်မူ မိမိနိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲပြားစေမှု အမျိုးမျိုးတို့ကြောင့် ယုံကြည်ချက်၊ ခံယူချက်ကွဲပြားပြီး နိုင်ငံ့ပုံရိပ်ထိခိုက်အောင် ပြုလုပ်နေသည့်လုပ်ရပ်များမှာ ဝမ်းနည်းစရာဖြစ်သည်။

ပြည်ပမှ သွေးထိုးမြှောက်ပင့်ထောက်ပံ့မှုများကြောင့် နိုင်ငံကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေသူများရှိသလို ယုံကြည်ချက်၊ ခံယူချက်ကွဲပြားမှု၊ လွဲမှားမှုများနှင့် အသိအမြင်ဗဟုသုတ ပညာအခြေခံနည်းပါးမှုများကြောင့် နိုင်ငံကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ဆောင်ရွက်ကြသူများအနေဖြင့် မိမိနိုင်ငံအကျိုးစီးပွားကိုရှေးရှု၍ သတိပြုဆင်ခြင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိနိုင်ငံ ပုံရိပ်ကို ထိခိုက်အောင်ပြုလုပ်ခြင်းသည် မိမိနိုင်ငံ၊ မိမိတို့အကျိုးသာ ထိခိုက်ပျက်စီးစေသည်ကို သတိမူကြရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် မဖွံ့ဖြိုးသည့်နိုင်ငံများသည်ပင် ဖွံ့ဖြိုးတိုးတက်လာကြပြီဖြစ်သည်။ ယုံကြည်ချက်၊ ခံယူချက် ကွဲပြားခြားနားကြသော်လည်း စည်းစည်းလုံးလုံး ကြိုးပမ်းဆောင်ရွက်ကြသောကြောင့် နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်အောင် ရှေ့သို့တက်လှမ်းနိုင်ရေး နှောင့်နှေးကြန့်ကြာမှုဖြစ်နေသည်မှာ စည်းလုံးညီညွတ်မှု အားနည်းနေသောကြောင့်ဖြစ်သည်။

တိုင်းရင်းသားပြည်သူများအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန်၊ အကြမ်းဖက်အားပေးပြုလုပ်ရန်နှင့် နိုင်ငံ့ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်အမျိုးမျိုးကို အသုံးပြု၍ သွေးထိုးလှုံ့ဆော်နေကြသူများအနေဖြင့် မိမိနိုင်ငံအကျိုးစီးပွားကို ထောက်ထား၍ အမြင်မှန်ရကြရန်လိုသလို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေသူများကို သက်ဆိုင်ရာဥပဒေများဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ မဟုတ်မမှန်သတင်းများနှင့် ပျက်စီးရာပျက်စီးကြောင်းသတင်းများ ဖြန့်ချိနေသူများကို ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀၊ ၅၂ နှင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(က)တို့အရ အရေးယူဆောင်ရွက်လျက်ရှိသည်။ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းတို့အပေါ် ဥပဒေကြောင်းအရ တားမြစ်ဆောင်ရွက်နိုင်ရေး ကော်မတီဖွဲ့စည်းပြီး အမှုဖွင့်အရေးယူခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

လူမှုကွန်ရက်များကို ဖန်တီးပေးထားခြင်းသည် နေ့စဉ်နှင့်အမျှ လူမှုအသိုက်အဝန်း၏ ကောင်းကျိုးများ မျှဝေဆောင်ကြဉ်းပေးနိုင်ရန်အတွက် တည်ဆောက်ထားခြင်းဖြစ်သည်။ ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေအပေါ်မူတည်ပြီး လူမှုကွန်ရက်များကို အသုံးချ၍ သတင်းတု၊ သတင်းမှား၊ လုပ်ကြံဖန်တီးသတင်းများတင်ခြင်း၊ နိုင်ငံ့ပုံရိပ်ထိခိုက်စေနိုင်သည့် မဖွယ်မရာသတင်းများတင်ခြင်း၊ နိုင်ငံရေးအရ ထိခိုက်နစ်နာအောင် မမှန်မကန် ဝေဖန်တိုက်ခိုက် ပြောဆိုမှုများပြုလုပ်ခြင်းတို့ကို ရှောင်ရှားကြရန်လိုပြီး ပြည်တွင်း၌ ပြုလုပ်သူများကို တန်ပြန်အရေးယူဆောင်ရွက်ခြင်း၊ တယ်လီဖုန်းနံပါတ်များနှင့် ဘဏ်အကောင့်များကို ပိတ်သိမ်းခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်ခြင်းနှင့် ပြည်ပမှ မြန်မာနိုင်ငံပျက်စီးရာပျက်စီးကြောင်း တိုက်ခိုက်နေမှုများကို သတင်းမှန်များဖြင့် ပြန်လည်တုံ့ပြန်ကြရန်နှင့် ဆင်ခြင်တုံတရားဖြင့် သတိထားရှောင်ရှားကြရန် လိုအပ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအကျိုးစီးပွား ထိခိုက်ပျက်ပြားမှုမဖြစ်အောင် မြန်မာနိုင်ငံကိုချစ်သည့် မြန်မာလူမျိုးများက သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံပုံရိပ်ကောင်းမှ မြန်မာနိုင်ငံကောင်းမည်ဖြစ်၍ မြန်မာနိုင်ငံသား၊ မြန်မာလူမျိုးများက မြန်မာနိုင်ငံအကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြပါရန် တိုက်တွန်းနှိုးဆော် အသိပေးအပ်ပါကြောင်း။ ။




**World drug problem: persisting issues, new challenges, innovative responses**

**စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။**

## (၂၂-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၄၄၃,၀၂၀.၇၀ | ၂၀,၆၉၅,၃၈၀.၇၉ | ၁၂၈,၆၄၆,၇၅၇.၃၅ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ စက္ကူ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၉၀ သန်းကို လည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၁၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ၂၂ - ၆ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၆ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၆,၅၀၀ | ၁၆,၅၀၀ | ၉၆၄ | ၁၆,၀၃၁,၀၀၀ |
| MTSH | ၉,၀၀၀ | ၈,၉၀၀ | ၅,၄၇၇ | ၄၉,၅၆၇,၆၀၀ |
| MCB | ၁၂,၅၀၀ | ၁၂,၅၀၀ | ၁၈၄ | ၂,၃၀၀,၀၀၀ |
| FPB | ၇,၆၀၀ | ၇,၄၀၀ | ၁,၁၂၅ | ၉,၈၁၈,၃၀၀ |
| TMH | ၃,၆၀၀ | ၃,၆၅၀ | ၅၂ | ၁၈၉,၂၅၀ |
| EFR | ၂,၀၀၀ | ၁,၉၅၀ | ၈,၀၁၁ | ၁၅,၃၇၉,၃၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၆,၀၀၃ | ၅၁၂,၀၀၀ |
| MAEX | ၆,၀၀၀ | ၆,၁၀၀ | ၆,၀၀၃ | ၃၆,၀၆၉,၀၀၀ |
| MADPL(PLB) | ၇,၂၀၀ | ၇,၂၀၀ | ၂,၅၅၀ | ၁၈,၃၆၀,၀၀၀ |
| ASPGB(PLB) | ၇၁,၀၀၀ | ၆၈,၀၀၀ | ၃၀၉ | ၂၁,၃၂၆,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေးဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတက အဆွေတော်နှင့် ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံမှ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့တွင် မူလအဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သည်မှာ လာမည့်နှစ်တွင် နှစ် ၃၀ ပြည့်မြောက်တော့မည် ဖြစ်ပြီး အဖွဲ့ကြီးကို ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ အောင်မြင်မှု မှတ်တမ်းများလည်း များစွာရရှိခဲ့ပြီး ဖြစ်ကြောင်း၊ ဘင်းမ်စတက် အဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်း ဆောင်ရွက်မှုများ ကောင်းမွန်သည့် အဖွဲ့ကြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရချိန်တွင် အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ခု ဖြစ်စေရေး အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်က အဆွေတော် သမ္မတကြီးနှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်တို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် အဆွေတော် သမ္မတအဖြစ် ရွေးကောက်ခံရမှု အပေါ်တွင်လည်း မိမိအနေဖြင့် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ အဆွေတော် ဦးဆောင်သည့် အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် များစွာ ဆောင်ရွက် သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ပြည်ပခရီးစဉ်များ သွားရောက်ခြင်းဖြင့် ဒေသတွင်း ဆက်ဆံရေးကိုလည်း ပိုမိုတိုးတက်အားကောင်းလာစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ၏ အနာဂတ်သည် ပွင့်လင်းလာပြီဖြစ်ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ အတွင်း၌လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိကာ ပူးပေါင်း ဆောင်ရွက်မှုအနေဖြင့် နံပါတ်(၁) နေရာတွင် ရှိပါကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးအနေဖြင့် မကြာမီကာလအတွင်း ဦးဆောင်အစည်းအဝေးများနှင့် အခြားသောလုပ်ရှားမှုများစွာကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက် မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့်ဘင်းမ်စတက်အဖွဲ့အတွင်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများတွင်ပါဝင်သည့် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သော နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သင့်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်ချိန်၌ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား လက်ခံတွေ့ဆုံစဉ်။

**❖ မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်ချိန်၌ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်းမ်စတက်လုပ်ငန်းစဉ်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ၊ အထူးသဖြင့် စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ၊ ဒေသတွင်းလုံခြုံရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကဏ္ဍနှင့် ဆက်သွယ်ချိတ်ဆက်ရေးကဏ္ဍတို့တွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှု၊ ဘင်းမ်စတက်၏ ပြင်ပမိတ်ဖက်များနှင့်ဆက်ဆံရေးတွင် အဖွဲ့ကြီး၏ အခြေခံမူများကို လေးစားလိုက်နာရေး၊ ၂၀၂၇ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်မည့် ဘင်းမ်စတက် တည်ထောင်မှု နှစ်(၃၀)ပြည့်အတွက် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပသွားရေးနှင့် မြန်မာနှင့် ဘင်းမ်စတက်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အတွင်းရေးမှူးချုပ်သည် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး တက်ရောက်ရန်အတွက် မြန်မာနိုင်ငံသို့ ပထမအကြိမ် ခရီးစဉ်လာရောက်ခဲ့ဖူးပြီး ယခုခရီးစဉ်သည် ၎င်း၏ ဒုတိယအကြိမ်ခရီးစဉ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်(Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation–BIMSTEC)ကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဘင်းမ်စတက်ကို ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ဘင်းမ်စတက်၏ လက်ရှိပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ(၇)ခုရှိသည့်အနက် မြန်မာနိုင်ငံသည် "လယ်ယာစိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေး ကဏ္ဍ"၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**✻ မြန်မာ–ကိုရီးယားမှ**

ဇွန် ၂၂ ရက်၌ ကျင်းပသည့် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ဒလမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆွေဆွေဝင်း၏ "ရန်ကုန်–ဒလ ကိုရီးယားချစ်ကြည်ရေးတံတားအား ည ၁၂ နာရီအချိန်အထိ ထပ်တိုးသုံးစွဲခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ" မေးခွန်းအပေါ် ဝန်ကြီး ဒေါက်တာမျိုးသော်က လွှတ်တော်တွင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ယခင်က အဆိုပါတံတားကြီးအား နံနက် ၄ နာရီမှည ၁၀ နာရီအထိသာ မော်တော်ယာဉ်များဖြတ်သန်းသွားလာခွင့်ပြုခဲ့ခြင်းကြောင့် ဒလမြို့နယ်၊ တွံတေးမြို့နယ်နှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ဒေသခံပြည်သူများအနေဖြင့် ညဥ့်နက်ပိုင်း ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သွားလာရေးအခက်အခဲများနှင့်ကြုံတွေ့နေရကြောင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆွေဆွေဝင်းက ထည့်သွင်းဆွေးနွေးခဲ့သည်။

"ရန်ကုန်–ဒလ ကိုရီးယားချစ်ကြည်ရေးတံတား လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များရဲ့ သဘောထားများအရ နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး လုံခြုံရေး စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် မိဘပြည်သူတွေ သွားလာရေး အဆင်ပြေစေဖို့ ည ၁၂ နာရီအချိန်အထိ ထပ်တိုးသုံးစွဲဖြတ်သန်းခွင့်ကို ခွင့်ပြုပေးနိုင်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်"ဟု ဒေါက်တာမျိုးသော်က ဖြေကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တံတားဖြတ်သန်းခွင့်အချိန် တိုးမြှင့်ပေးလိုက်ခြင်းကြောင့် ဒလ၊ တွံတေး အပါအဝင် အနီးနားဒေသများမှ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် အရေးပေါ်ကျန်းမာရေးကိစ္စရပ်များအတွက် သွားလာရေး ပိုမိုအဆင်ပြေချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။

**TWA**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Phoenix သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေစဉ်အတွင်း Phoenix သတင်းဌာန၊ Phoenix TV မှ Ms. Liu Meixi ၏ တွေ့ဆုံမေးမြန်းမှုများကို ဇွန် ၁၉ ရက်က လက်ခံဖြေကြားခဲ့သည်။ ထိုသို့ Phoenix သတင်းဌာန၏ မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်–

**တွေ့ဆုံမေးမြန်းသူ။** ပထမဆုံးအနေနဲ့သမ္မတကြီးကို အခုလိုသာယာလှပတဲ့ဟန်ကျိုးမှာ ကျွန်မ မေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတကာမီဒီယာတွေမှာ သမ္မတကြီးပြောဆိုခဲ့တဲ့ မိန့်ခွန်းတွေ၊ ပြောဆိုမှုတွေ၊ ဖြေကြားမှုတွေကိုလေ့လာတွေ့ရှိရပါတယ်။ ပထမဆုံးမေးချင်တဲ့ မေးခွန်းလေးကတော့ ဒီမီဒီယာတွေမှာ ပြောဆိုမှုတွေနဲ့ပတ်သက်ပြီး သမ္မတကြီးက တိုင်းပြည်အပေါ်စေတနာထားသူ၊ တိုင်းပြည်အတွက် လက်ရှိကာလမှာရော၊ နောင်အနာဂတ်မှာပါ တိုင်းပြည်ကောင်းအောင် အဓိကဦးစားပေးပြီး စေတနာထားဆောင်ရွက်ချင်တဲ့ နိုင်ငံရေးပညာရှင်တစ်ဦးဖြစ်ပါတယ်။ ဒီမှတ်ချက်ပေးမှုနဲ့ပတ်သက်ပြီး သမ္မတကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲရှင့်။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။** ခေါင်းဆောင်တစ်ယောက်၊ ဘယ်ခေါင်းဆောင်ပဲဖြစ်ဖြစ်၊ ဘယ် Level မှာပဲဖြစ်ဖြစ် ခေါင်းဆောင်ဆိုတာတော့ သူတာဝန်ယူရတဲ့ လုပ်ငန်းအပေါ်မှာ၊ ဌာနအပေါ်မှာ ဘယ်လိုကောင်းအောင်လုပ်မလဲဆိုတဲ့စိတ်ရှိရင် အဲဒီလုပ်ငန်းတို့၊ ဌာနတို့က အမြဲတမ်းတိုးတက်ပါတယ်။ ဒါက ကောင်းအောင်လုပ်မယ်ဆိုတဲ့စိတ်၊ ကောင်းတဲ့စိတ်မွေးတာပါ။ ကျွန်တော်လည်းဒီလိုပါပဲ၊ အရင်က ကျွန်တော်တာဝန်ယူခဲ့တဲ့ဌာနမှာဆိုရင် ကျွန်တော် ဘယ်လိုကောင်းအောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့ပဲ လုပ်ခဲ့ပါတယ်။ အောက်ခြေ Level ကနေစပြီးတော့ အဆင့်မြင့်တာဝန်ထမ်းဆောင်တဲ့အထိ ဒီလိုပဲလုပ်တယ်။

အခု နိုင်ငံတော်တာဝန်ယူတဲ့အခါမှာလည်း နိုင်ငံတော်ကို ဘယ်လိုကောင်းအောင်လုပ်မလဲဆိုတဲ့စိတ်နဲ့ လုပ်ပါတယ်။ စိတ်ကူးဆိုတာရှိတယ်၊ ဒီလိုလုပ်ရင် ဘယ်လိုဖြစ်နိုင်မလဲဆိုတာရှိကြတယ်၊ ဒါကို ရအောင်အကောင်အထည်ဖော်ရတယ်၊ အဲဒီမှာ ခိုင်မာတဲ့စိတ်ရှိဖို့လိုတယ်၊ သူများပြောရင် ဟုတ်နိုးနိုး ဒီလိုလုပ်နေလို့တော့မရဘူး။ ကိုယ်ဘာလုပ်ချင်တာလဲ၊ လုပ်ချင်တာက မှန်ဖို့လည်းလိုတယ်၊ မမှန်ရင် ဒီဟာက အကျိုးရှိမှာမဟုတ်ဘူး။ ပြဿနာတွေ ရှိလာလိမ့်မယ်၊ ဖြစ်ပျက်နေတဲ့ကဏ္ဍတွေမှာ ကြည့်လိုက်ရင် ဒီအတိုင်းပဲ ကျွန်တော်တွေ့တယ်၊ ဒီလိုစိတ်ရင်းနဲ့ လုပ်တယ်လို့ ကျွန်တော်ပြောချင်တာပါ။

**တွေ့ဆုံမေးမြန်းသူ။** မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတကြီးအခုဖြေခဲ့တာကို အားရကျေနပ်မိပါတယ်။ ကျွန်မအနေနဲ့ ၂၀၂၃ ခုနှစ်က မြန်မာနိုင်ငံကို ရောက်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် သဘာဝအရင်းအမြစ်တွေနဲ့ပြည့်စုံပြီး နယ်ပယ်ပေါင်းစုံမှာ တိုးတက်နိုင်တဲ့ အလားအလာတွေ အများကြီးရှိနေပါတယ်။ ဒီအလားအလာတွေအထဲမှာမှ ၂၀၂၆ ခုနှစ်မှာ သမ္မတကြီးအနေနဲ့ ပြည်သူလူထုတွေရဲ့ လူနေမှုဘဝ၊ အသက်အိုးအိမ်စည်းစိမ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုနယ်ပယ်၊ အခန်းကဏ္ဍတွေကနေ ဆောင်ရွက်သွားမလဲဆိုတာကို သိရှိလိုပါတယ်ရှင့်။

**နိုင်ငံတော်သမ္မတ။** ကျွန်တော်တို့ဆီမှာ သဘာဝအရင်းအမြစ်တွေရှိတယ်၊ ထုတ်ကုန်ပစ္စည်းတွေရှိတယ်၊ နှစ်မျိုးရှိပါတယ်။ နောက်ပြီး လူသားအရင်းအမြစ်တွေရှိတယ်။ ဒီသုံးခုကို ဘယ်လိုအသုံးချမလဲ စဉ်းစားရပါတယ်။ ကျွန်တော့်ရဲ့မူဝါဒကတော့ သဘာဝအရင်းအမြစ်တွေ၊ ထုတ်ကုန်ပစ္စည်းတွေကို ကုန်ကြမ်းအနေနဲ့ရောင်းတာမျိုး မနှစ်သက်ဘူး။ ဒီဟာကို တစ်ဆင့်မြှင့်ပြီး တန်ဖိုးမြှင့်ပြီးသွားတာမျိုးဖြစ်အောင်လုပ်ရမယ်။ ဘာလဲဆိုတော့ လုပ်ငန်းတွေ တိုးချဲ့ပေးတဲ့သဘော၊ အလုပ်အကိုင်တွေပိုရအောင် လုပ်ပေးတဲ့သဘောပါ။ ကျွန်တော်တို့ဆီမှာ စိုက်ပျိုးရေးထုတ်ကုန်တွေရှိတယ်၊ တွင်းထွက်ပစ္စည်း၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းတွေ ရှိတယ်။

ခုနကပြောတဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာဆိုရင် စိုက်ပျိုးရေးထုတ်ကုန်တွေကို အားပေးရမယ်။ ဒါတွေလုပ်နိုင်ဖို့ဆိုရင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME)လုပ်ငန်းတွေကို အားပေးမှုရမယ်။ ဒီလိုလုပ်နိုင်ရင် အခြေခံလူတန်းစားတွေအတွက် အလုပ်တွေအများကြီးရမယ်။ နောက်တစ်ခုက နည်းပညာနဲ့ပတ်သက်တာတွေလည်း ကျွန်တော်တို့ တစ်ဆင့်သွားမယ်၊ မသွားလို့လည်းမရဘူး၊ ဒီခေတ်က ကျန်ခဲ့လို့မရဘူး၊ နည်းပညာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ၊ ဥပမာ စိုက်ပျိုးရေးလုပ်ငန်းဆိုရင် နည်းပညာနဲ့သွားတဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုတို့ဆိုရင်လည်း နည်းပညာနဲ့လုပ်တဲ့လုပ်ငန်း၊ ဒီလိုသွားမှရမှာပါ။ ဒီလိုအားပေးမှ ပြည်သူတွေကလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ များများရပြီးတော့ ဝင်ငွေရလာရင် သူတို့ရဲ့ ဥစ္စာစနေကြွယ်ဝမှုနဲ့ သူတို့ရဲ့လူမှုစီးပွားက တက်လာလိမ့်မယ်။ တိုင်းပြည်က တက်လာမယ့်သဘောပါ။ ဒါကို ကျွန်တော်က ဦးတည်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ဒီသုံးသပ်ချက်အပေါ်မှာလည်း လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တွေကို တိုးမြှင့်ထုတ်လုပ်ပြီးတော့ ပြည်သူလူထုရဲ့ လူနေမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်မယ်လို့ သမ္မတကြီးအနေနဲ့ ပြောသွားတာကို ကျေးဇူးတင်ပါတယ်။ ဆက်စပ်မေးလိုတာကတော့ ကျွန်မတို့ တရုတ်–မြန်မာ နှစ်နိုင်ငံရဲ့ စီးပွားရေးစင်္ကြံအကြောင်းဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ်မှာ ၇၆ နှစ် တိုင်ခဲ့ပြီဖြစ်တဲ့ တရုတ်–မြန်မာ သံတမန်ဆက်ဆံရေးကနေ ခုနက သမ္မတကြီးပြောကြားခဲ့တဲ့ ထုတ်ကုန်တွေကို ဒီစီးပွားရေးစင်္ကြံ Platform ကို အသုံးပြုပြီးတော့ ဘယ်လိုအခန်းကဏ္ဍကနေ ဆောင်ရွက်သွားမလဲရှင့်။

**နိုင်ငံတော်သမ္မတ။** ကျွန်တော်တို့မှာ ရှည်လျားတဲ့ သမိုင်းကြောင်းတွေရှိတယ်၊ ၇၆ နှစ်ဆိုတဲ့ သံတမန်ဆက်ဆံရေးပါ၊ ဒါပေမဲ့ ကျွန်တော်တို့ဆက်ဆံတာ နှစ်ပေါင်းများစွာရှိပါပြီ၊ ဟိုးအရင်ကတည်းက ကူးသန်းရောင်းဝယ်မှုတွေလုပ်ခဲ့ကြတယ်၊ ဒါတွေကို အသုံးချရမှာပါ၊ ခုနကပြောတဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေ၊ မွေးမြူရေးထုတ်ကုန်တွေ၊ သယံဇာတပစ္စည်းထုတ်ကုန်တွေ၊ ဒါတွေကို မြန်မာနိုင်ငံမှာ ကုန်ချောအဖြစ်ထုတ်ပြီးတော့ တရုတ်နိုင်ငံကို တင်ပို့တာမျိုးပါ။ တရုတ်နိုင်ငံက ကြီးမားတဲ့ဈေးကွက်ကြီးပါ။ ခင်ဗျားတို့နိုင်ငံက လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်လောက်ရှိတယ်၊ ကျွန်တော်တို့အတွက် ကြီးမားတဲ့ဈေးကွက်ကြီးတစ်ခုဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က အသုံးချဖို့လိုတယ်။

ရောင်းတယ်ဆိုတာလည်း သုံးတဲ့သူက အသုံးလိုဖို့လိုအပ်ပါတယ်။ အသုံးလိုတဲ့ပစ္စည်းကို ကျွန်တော်တို့က ထုတ်ပေးနိုင်ဖို့လိုတယ်၊ ခင်ဗျားတို့လိုအပ်တာကို ကျွန်တော်တို့က ထုတ်ပြီးရောင်းနိုင်ရမယ်၊ ဒါကို ကျွန်တော်တို့က ရအောင်အကောင်အထည်ဖော်ရမှာပါ။ ကျွန်တော် အခုလာတဲ့ခရီးစဉ်မှာ နှစ်ဖက်ကုန်သွယ်မှုမြှင့်တင်ဖို့၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံပြီး အလုပ်လုပ်ဖို့၊ ရင်းနှီးမြှုပ်နှံပြီးထွက်လာတဲ့ပစ္စည်းကို တရုတ်နိုင်ငံကို ပြန်ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ တခြားနိုင်ငံကို ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ မြန်မာနိုင်ငံမှာ ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ ဒီလိုသွားရမှာပါ။ ဒီလိုလုပ်မယ်ဆိုရင် ဒီစီးပွားရေးစင်္ကြံက အလုပ်ဖြစ်ပါတယ်။ စီးပွားရေးစင်္ကြံက အောင်မြင်တယ်လို့ပြောလို့ရတယ်။ ဒါပေမဲ့ အဲဒီလမ်းကြောင်းဟာ ချောမွေ့နေဖို့တော့လိုတယ်၊ လုံခြုံချောမွေ့နေဖို့လိုတယ်၊ လုံခြုံချောမွေ့နေအောင် ကျွန်တော်တို့ဖန်တီးရမယ်၊ ရထားလမ်းတွေ၊ ကားလမ်းတွေကောင်းအောင် ကျွန်တော်တို့လုပ်ပေးရမယ်၊ နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်မှုတွေ၊ နယ်စပ်ဒေသ ကူးသန်းရောင်းဝယ်မှုတွေ အကုန်ကောင်းအောင်လုပ်ပေးရမယ်။ ဒီခေတ်က နည်းပညာခေတ်ဖြစ်တဲ့အတွက် နည်းပညာကို အသုံးချပြီးတော့မှ ကူးလူးဆက်ဆံမှုတွေ လုံလုံခြုံခြုံနဲ့ ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ပေးရမယ်။ သာမန်ဈေးရောင်းဈေးဝယ်မျိုးတော့ လုပ်လို့မရဘူး။ ကဏ္ဍပေါင်းစုံကနေ လုပ်ရမယ့်ဟာတွေရှိပါတယ်။ တော်တော်လေးကျယ်ပြန့်ပါတယ်။ ဒါကို ကျွန်တော်တို့က ခိုင်ခိုင်မာမာဖြစ်ဖို့ရည်ရွယ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ကျေးဇူးတင်ပါတယ်၊သမ္မတကြီးအနေနဲ့ တရုတ်နိုင်ငံနဲ့ပတ်သက်ပြီး ကုန်သွယ်မှုနဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေကို တိုးတက်အောင် ဆောင်ရွက်သွားမယ်ဆိုပြီး ပြောခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သမ္မတကြီးကို မေးမြန်းလိုတာက တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်လာနိုင်ဖို့အတွက် မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေအတွက် သက်သာတဲ့ မူဝါဒတွေ၊ ထောက်ပံ့မယ့်မူဝါဒတွေနဲ့ မြန်မာ့ဈေးကွက်ကို သတိထားမိအောင် ဘယ်လိုမျိုးဆောင်ရွက်ဖို့ ရှိပါသလဲ။ နိုင်ငံတကာဈေးကွက်နဲ့ အာဆီယံဈေးကွက်မှာ ဝင်ဆံ့မှုအတိုင်းအတာတို့နဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုမူဝါဒတွေ စဉ်းစားထားတာရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံက အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ တရုတ်နိုင်ငံက အများဆုံးဖြစ်ပါတယ်။ ကုန်သွယ်ဖက်မှာလည်း ကျွန်တော်တို့အတွက် အကြီးဆုံးနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုမှာလည်း တရုတ်နိုင်ငံက အများဆုံးနိုင်ငံပါ။ ဒါကို ဆက်လက်ပြီးတိုးချဲ့ဖို့ ရည်ရွယ်တာပါ။ ခင်ဗျားတို့နိုင်ငံမှာ ကြီးမားတဲ့ဈေးကွက်ကြီးရှိသလိုပဲ ကျွန်တော်တို့နောက်မှာလည်း လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်ရှိတဲ့ ကမ္ဘာမှာ လူဦးရေအများဆုံးဖြစ်တဲ့ အိန္ဒိယနိုင်ငံရှိတယ်။ ပြီးတော့ လူဦးရေသန်းပေါင်း ၁၆၀ လောက်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိတယ်။ လူဦးရေသန်းပေါင်း ၇၀ ကျော်ရှိတဲ့ ထိုင်းနိုင်ငံရှိတယ်။ ခုနကပြောတဲ့ အာဆီယံနိုင်ငံတွေ တစ်ဆက်တည်းပါ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အရှေ့ဘက်သွားရင် ကမ္ဘောဒီးယား၊ လာအိုတို့ ရှိပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လာလုပ်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုဥပဒေရှိတယ်၊ နိုင်ငံတကာမှာတော့ ဒေါ်လာငွေကြေးသုံးကြတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအတွက် ယွမ်ငွေကိုလည်း ဥပဒေအရပေးထားတယ်၊ လာတဲ့စီးပွားရေးလုပ်ငန်းရှင်တွေ ဗီဇာနဲ့ပတ်သက်ပြီး ကန့်သတ်ချက်လုပ်မထားဘူး၊ အကုန်ဆောင်ရွက်ပေးတယ်၊ One Stop Service တွေ လုပ်ပေးထားတယ်။ အခက်အခဲတွေမဖြစ်အောင်ပါ။ ဥပဒေအရလည်း အကာအကွယ်အကုန်ပေးထားပါတယ်။ ဒါကို နှစ်နိုင်ငံသဘောတူပြီးသားရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ထွက်လာတဲ့ ထုတ်ကုန်ပစ္စည်းတွေကို အနောက်ဘက်ကိုသွားမလား၊ အာဆီယံဈေးကွက်ကို သွားမလား၊ ဒီလိုသွားလို့ရတယ်။ အနောက်ဘက်ဆို အိန္ဒိယရှိတယ်၊ ဘင်္ဂလားဒေ့ရှ်ရှိတယ်၊ ပြီးတော့ ပင်လယ်ရေကြောင်းကနေသွားလို့ရတဲ့ လမ်းကြောင်းတွေလည်း အများကြီးရှိတယ်၊ ဒါကို ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင်လုပ်ပေးမယ်၊ ဥပဒေအရလည်း အကာအကွယ်ပေးထားတယ်။ သို့သော်လည်း သီးခြားတော့ အကာအကွယ်ပေးလို့မရဘူး။ ဥပဒေဆိုတာ အဖွဲ့အစည်းတစ်ခုကို သီးခြားကာကွယ်ပေးလို့မရပါဘူး။ အကုန်လုံးနဲ့တူညီတဲ့အခွင့်အရေးပေးရမယ်။ နိုင်ငံပေါင်းများစွာ ဆက်ဆံရတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ လုပ်မယ်ဆိုရင် အောင်မြင်မှုရလိမ့်မယ်၊ တရုတ်နိုင်ငံအတွက်လည်း အထောက်အကူရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ခုနက တစ်ချက်ကျန်ခဲ့တာက နယ်စပ်မှာ ကုန်သွယ်မှုအတွက် ပေးချေတဲ့အခါ ယွမ်ငွေနဲ့ကျပ်ငွေ ပေးချေခွင့်ပေးထားပါတယ်။ တရုတ်ကုန်သည်တွေက မြန်မာနိုင်ငံကပစ္စည်းဝယ်မယ်ဆို ယွမ်နဲ့ပေး၊ ဘဏ်ချင်းလည်းသဘောတူပြီးသားရှိတယ်၊ ခွင့်ပြုထားပါတယ်။ ကျွန်တော့်လက်ထက်မှာ စပြီးခွင့်ပြုခဲ့တာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ဟုတ်ကဲ့ပါ။ ဒါက ကျွန်မစိတ်ဝင်စားတဲ့ နယ်ပယ်လည်းဖြစ်ပါတယ်။ ဒီလိုယွမ်ငွေနဲ့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခွင့် ပေးလိုက်တာကိုလည်း ကျွန်မတို့အနေနဲ့ စိတ်ဝင်စားမှုရှိပါတယ်။ ဒီအပေါ်မှာ သမ္မတကြီးအနေနဲ့ ယွမ်ငွေနဲ့ ရင်းနှီးမြှုပ်နှံတဲ့အတွက် မြန်မာနိုင်ငံရဲ့ GDP ဘယ်လောက်တိုးတက်လာနိုင်တယ်လို့ သုံးသပ်ထင်မြင်ပါသလဲရှင့်။

**နိုင်ငံတော်သမ္မတ။** GDP ဆိုတာကတော့ အခြေအနေသုံးရပ်အပေါ် မူတည်ပါတယ်။ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးအပေါ်မှာမူတည်ပြီး တက်လာတာပါ။ သို့သော် တစ်ခုလုပ်လိုက်တာနဲ့ ဆင့်ကဲဆင့်ကဲပါလာတဲ့ အကျိုးဆက်တွေရှိတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ GDP က နည်းပါတယ်။ တရုတ်နိုင်ငံရဲ့ ပြည်နယ်အဆင့်ဆိုရင်တောင် ကျွန်တော်တို့နိုင်ငံထက် များပါတယ်။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Phoenix သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြားစဉ်။

☆ စာမျက်နှာ ၄ မှ

ကျွန်တော်တို့က ဒီထက်ပိုပြီး တိုးတက်အောင်လုပ်ဖို့ ရည်ရွယ်ချက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုကနေလုပ်တာ ရှိပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း Production ကို တိုးချဲ့မှရမယ်။ အဲဒီလိုတိုးချဲ့မှ GDP က တက်လာပါမယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အတွက်ကြောင့် ကဏ္ဍပေါင်းစုံက ထုတ်လုပ်မှုတွေများလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ များလာမယ်။ အဲဒါနဲ့ဆက်စပ်ပြီး နောက်ဆုံး ဝန်ဆောင်မှုမှာတက်လာမယ်။ ဒါက ထပ်ဆင့်တက်လာမယ့်ကိစ္စဖြစ်တဲ့အတွက် မှန်းရခက်ပါတယ်။ နှစ်ဆလောက်တော့ တက်လိမ့်မယ်လို့ထင်ပါတယ်။ တရုတ်နိုင်ငံနဲ့ လက်ရှိ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ခြင်းကနေ ဖြစ်လာမယ့် အကျိုးဆက်က GDP နှစ်ဆလောက်တက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဘာကြောင့်ဆိုတော့ ကျွန်တော်တို့မှာ လုပ်နိုင်တဲ့အခွင့်အလမ်းတွေ ရှိပါတယ်။ လုပ်နိုင်ဖို့ပဲလိုတာပါ။ လုပ်နိုင်ဖို့ကိုလည်း ပူးပေါင်းဆောင်ရွက်လုပ်ရပါမယ်။ ဒါကြောင့် ဒီဟာကို ကျွန်တော် အင်မတန်အားထည့်ပြီး ဆောင်ရွက်နေတာပါ။

**တွေ့ဆုံမေးမြန်းသူ။** ကျေးဇူးတင်ပါတယ်သမ္မတကြီးရှင့်။ ကျွန်မ သတင်းစဉ်တွေမှာတွေ့ရတဲ့အတိုင်းဆိုရင် သမ္မတကြီးအနေနဲ့ တရုတ်နိုင်ငံကို လာရောက်တဲ့အချိန်မှာ တရုတ်နိုင်ငံက စက်ရုံ၊ အလုပ်ရုံ နယ်ပယ်ပေါင်းစုံကိုသွားခဲ့ပါတယ်။ ဥပမာပြောရရင် အာကာသနဲ့ပတ်သက်တဲ့ပြခန်းတွေ၊ စက်ရုံ အလုပ်ရုံတွေကို သွားခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့နည်းပညာကို မှုတည်ပြီး မြန်မာနိုင်ငံရဲ့ ဘယ်နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လိုတယ်၊ မြှင့်တင်ဖို့ ဆန္ဒရှိတယ်ဆိုတာ ကျွန်မအနေနဲ့ သိရှိလိုပါတယ်။

**နိုင်ငံတော်သမ္မတ။** တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုနယ်ပယ်က အတော်လေးကိုကျယ်ပြန့်ပါတယ်။ အိုင်တီနဲ့အာကာသ၊ စက်မှုလုပ်ငန်းရှိတယ်၊ ယဉ်ကျေးမှုနဲ့ပတ်သက်တာ၊ သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်တာ စတဲ့ကဏ္ဍတွေ ပေါင်းစုံရှိပါတယ်။ ပူးပေါင်းဆောင်ရွက်မှုလုပ်မယ်ဆို ကဏ္ဍပေါင်းစုံကို ပူးပေါင်းဆောင်ရွက်ရမယ့် သဘောရှိပါတယ်။ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခြေအနေရှိအောင်လည်း ကျွန်တော်တို့ဘက်ကလည်း ကြိုးစားရမှာပါ။ တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုကို ကျွန်တော်တို့အနေနဲ့ လိုက်လုပ်နိုင်ဖို့လိုပါတယ်။ တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုကလည်း အတော်လေးကိုမြန်ပါတယ်။ နည်းပညာတွေက အချိန်နဲ့တစ်ပြေးညီ ခဏခဏ ပြောင်းလဲနေတာပါ။

ဥပမာ ကျွန်တော် ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ်က ရောက်ခဲ့တဲ့အချိန်မှာ တချို့လုပ်ငန်းတွေ ကြည့်ခဲ့တယ်၊ ၂၀၂၅ ခုနှစ် ရောက်ခဲ့တဲ့အချိန်မှာ တချို့လုပ်ငန်းတွေကြည့်ခဲ့တယ်၊ ၂၀၂၆ ခုနှစ် ရောက်ခဲ့တဲ့အချိန်မှာလည်း တချို့လုပ်ငန်းတွေကြည့်တယ်၊ ၂၀၂၄ ခုနှစ်အခြေအနေ၊ ၂၀၂၅ ခုနှစ်အခြေအနေတွေက ပြောင်းလဲသွားပြီ၊ ဒါပေမဲ့ ကျွန်တော်တို့က ၂၀၂၄ ခုနှစ်ရဲ့အခြေအနေရောက်အောင်တောင် အတော်လေးလုပ်ရမယ့်အခြေအနေမှာရှိပါတယ်။ ကျွန်တော်တို့လူတွေကလည်း ပြင်ဆင်မှုလိုအပ်ပါတယ်။ ပြင်ဆင်မှုအတွက် တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလည်း လိုပါတယ်။ နည်းပညာကတော့ ကဏ္ဍပေါင်းစုံကနေလုပ်ဖို့ရှိပါတယ်။ ကျယ်လည်းကျယ်ဝန်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို မျှော်မှန်းပြီး လုပ်ဆောင်ဖို့ရှိပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ကျေးဇူးတင်ပါတယ်၊သမ္မတကြီးအနေနဲ့ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းကို လုံခြုံပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရမယ်လို့ခုနက ပြောခဲ့ပါတယ်။ အဲဒါမှ နှစ်နိုင်ငံဖွံ့ဖြိုး တိုးတက်မယ်လို့ ပြောခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး သမ္မတကြီးကို မေးမြန်းလိုတာကတော့ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နယ်စပ်ဒေသ စီမံခန့်ခွဲမှုဆိုင်ရာမှာ ဘယ်လိုမူဝါဒတွေရှိတယ်၊ ပြီးတော့ မြန်မာနိုင်ငံ နယ်စပ်ဒေသမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ တရုတ်လုပ်ငန်းရှင်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုအာမခံချက်မျိုး စီမံဆောင်ရွက်ဖို့ရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** ပွင့်ပွင့်လင်းလင်း ပြောရရင် လောလောဆယ်အနေအထားမှာ နယ်စပ်ဒေသလုံခြုံအေးချမ်းရေးက အားနည်းပါတယ်။ ဒါက ကျွန်တော်တို့ နှစ်ဖက်အစိုးရတွေအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ နယ်စပ်ဒေသစီမံခန့်ခွဲမှုက အစိုးရနဲ့ပဲဆိုင်ပါတယ်။ အစိုးရကပဲလုပ်လို့ရတယ်။ တခြားအဖွဲ့အစည်းက ဝင်လုပ်လို့မရပါဘူး။ နယ်စပ်ဒေသစီမံခန့်ခွဲရေးသာမက နယ်စပ်ဒေသကုန်သွယ်ရေးကိစ္စ၊ နှစ်နိုင်ငံ Cross Border Trade နဲ့ပတ်သက်ပြီး အစိုးရကပဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က ရအောင်ဖန်တီးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဖြစ်ပျက်နေတဲ့ပြဿနာတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးစားရမှာ ဖြစ်ပါတယ်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုလုံခြုံရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အများကြီးလုပ်ပေးနေပါတယ်။ အခက်အခဲရှိခဲ့တာတော့အမှန်ပါ။ အတော်လေးကျော်လွှားခဲ့ရပါတယ်။ အခုအချိန်မှာ အခြေအနေတော်တော်လေးကောင်းပါတယ်။ နိုင်ငံရေးကလည်း ပြောင်းလဲမှုတွေလုပ်ထားပါတယ်။ တချို့ကိစ္စတွေက နိုင်ငံရေးကြောင့်ဖြစ်လာတဲ့ ပြဿနာတွေဖြစ်ပါတယ်။ တချို့ကိစ္စကျတော့ တိုင်းရင်းသားရေးကြောင့်ဖြစ်လာတဲ့ ပြဿနာတွေဖြစ်ပါတယ်။ ဒါတွေကို ဥပဒေနဲ့အညီ လွှတ်တော်မှာ ဖြေရှင်းရပါတယ်။ လိုအပ်တဲ့ လုံခြုံရေးအကာအကွယ်တွေကို သက်ဆိုင်တဲ့အဖွဲ့အစည်းတွေက ပေးပါတယ်။ တစ်ယောက်ချင်းတော့ မပေးနိုင်ပေမယ့် ဌာနနဲ့ပတ်သက်တဲ့၊ လုပ်ငန်းနဲ့ပတ်သက်တဲ့ လုံခြုံရေးကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဆောင်ရွက်ပေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး ထိထိရောက်ရောက်လည်း အရေးယူပါတယ်။ လက်ရှိဖြစ်ပျက်နေတဲ့ ပြဿနာထဲမှာ နယ်စပ်ဒေသမှာ အွန်လိုင်းလောင်းကစားမှုပြဿနာတွေရှိတယ်။ ဒါတွေကို နှိမ်နင်းနေတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ ပူးပေါင်းပြီး နှိမ်နင်းနေတာတွေလည်းရှိပါတယ်။ ကျူးလွန်သူတွေကိုလည်း တရုတ်နိုင်ငံကို အကုန်လွှဲပြောင်းပေးလိုက်ပါပြီ။ ဥပဒေကိုချိုးဖောက်ပြီး လာရောက်လုပ်ကိုင်မယ့် လုပ်ငန်းတွေ မလာရဲအောင်လုပ်ရမယ်။ မလုပ်နိုင်အောင်လည်းလုပ်ရမယ်။ နှစ်ဖက်လုပ်မှရမယ်၊ တစ်ဖက်တည်းကတော့ လုပ်လို့မရဘူး။ ဒါကတော့ နယ်စပ်ဒေသ Cross Border နဲ့ပတ်သက်တာပါ။ ပြည်တွင်းလုံခြုံရေးကျတော့ ကျွန်တော်တို့နဲ့ဆိုင်ပါတယ်။ လုပ်ပေးပါတယ်၊ အဲဒီအပြင် တရုတ်နိုင်ငံရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး နှစ်ဖက်ပူးပေါင်းပြီး လုပ်ဆောင်တဲ့အဖွဲ့အစည်းကိုလည်း ခွင့်ပြုပေးထားပါတယ်။ ဒီလိုမျိုး ရင်းနှီးမြှုပ်နှံမှုနဲ့ လူပုဂ္ဂိုလ်လုံခြုံရေးတွေ လုပ်ပေးထားတယ်ဆိုတာလည်း ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ဟုတ်ကဲ့၊သမ္မတကြီးကိုအခုလို မေးမြန်းခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ သမ္မတကြီးရဲ့ဦးဆောင်မှုအောက်မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ ကျွန်မတို့ယုံကြည်ပါတယ်ရှင့်။

**နိုင်ငံတော်သမ္မတ။** ကောင်းပါပြီ။



တွန်းဇံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

**■ တွန်းဇံမြို့နယ်မှ**

နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ တွန်းဇံမြို့သို့ ပြန်လည်ဝင်ရောက်ခဲ့ကြပြီး ဇွန် ၂၂ ရက်တွင် မြို့ပေါ်ရှိ အခြေခံပညာကျောင်းလေးကျောင်းအပါအဝင် စုစုပေါင်း ၄၃ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၃၀၆၀ တက်ရောက်လျက်ရှိသည်။

**တက်ရောက်လျက်ရှိ**

အလားတူ ဇွန် ၂၂ ရက်အထိ ဖလမ်းမြို့နယ်တွင် အခြေခံပညာကျောင်း ၈၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၀၅၁ ဦး၊ တီးတိန်မြို့နယ်တွင် အခြေခံပညာကျောင်း ၁၀၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၂၀၁၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ပြန်ကြားရေး ဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body–BGB)ညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ရုပ်သံလွှင့်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိကြပြီးဖြစ်သည့် ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် အွန်လိုင်းမီဒီယာကိုလည်း တစ်ပါတည်း ခွင့်ပြုမိန့်ရရှိထားခြင်းဖြစ်ရာ မူရင်းရုပ်သံထုတ်လွှင့်မှုအပြင် အွန်လိုင်းမီဒီယာကိုလည်း တည်ဆဲဥပဒေပါ အချက်များ၊ စာချုပ်ပါအချက်များ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ထုတ်လွှင့်နေကြသည့် အွန်လိုင်းမီဒီယာလုပ်ငန်းများကို လည်း မှတ်ပုံတင်ပြီး စိစစ်ဆောင်ရွက်နိုင်ရေး၊ လိုအပ်သောညွှန်ကြားချက်များ ထပ်မံထုတ်ပြန်နိုင်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ရုပ်သံထုတ်လွှင့်မှုများ အမှားအယွင်းကင်းစေရေးနှင့်ပတ်သက်၍ လည်းကောင်း၊ အဖွဲ့ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်တို့က ရုပ်သံထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ လည်းကောင်း၊ တာဝန်ရှိသူများက စက်မှုပိုင်း၊ ရုပ်မြင်ပိုင်း၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရုပ်သံလွှင့်ကုမ္ပဏီများနှင့် FM ရေဒီယိုများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ သထုံမြို့နယ်မှ**

သထုံ–သိမ်ဆိပ်–ဘီးလင်း (၃၃)ကေဗွီ ဓာတ်အားလိုင်း ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် သထုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇင်မျိုးအောင် ဦးဆောင်သည့် ဝန်ထမ်းများက လိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ Main Transformer၊ Switchyard၊ Control Panel နှင့် ဓာတ်အားလိုင်း ပြုပြင်ခြင်း ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းနှင့် မြေသြဇာစနစ်တကျအသုံးပြုနည်း သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းနှင့် မြေသြဇာစနစ်တကျအသုံးပြုနည်း တောင်သူနည်းပညာပေးသင်တန်းကို ယမန်နေ့က ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်က အမှာစကားပြောကြားပြီး ကျောက်တန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇာနည်လှိုင်နှင့် နည်းပညာပေး ဝန်ထမ်းများက မြေသြဇာများ စနစ်တကျ အသုံးပြုနည်းများစသည့် မြေဆီလွှာပြုပြင်ထိန်းသိမ်းခြင်းနည်းလမ်းတို့ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းနှင့် တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

## နေပြည်တော်ကောင်စီနယ်မြေတွင် EV Bus များဖြင့် မြို့တွင်းယာဉ်လိုင်းပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇွန် ၂၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အများပြည်သူ ဘတ်စ်လိုင်းကားပြေးဆွဲပေးနိုင်ရေး၊ တရားမဝင်မော်တော်ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ရေး၊ ကမ်းထိန်းနံရံများဆောင်ရွက်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေးနှင့် ဆရာဝန်နှင့် သူနာပြုလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း(၅)ခု မေးမြန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **နေပြည်တော်ကောင်စီနယ်မြေတွင် အများပြည်သူ ဈေးနှုန်းချိုသာစွာဖြင့် သွားလာနိုင်သည့် ဘတ်စ်လိုင်းကားများပြေးဆွဲပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်တွင် လက်ရှိမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)၏ ကြီးကြပ်မှုဖြင့် ရွှေသပြေ၊ ရွှေအောင်လံ၊ ရွှေပြည်သစ်ယာဉ်လိုင်း သုံးလိုင်းမှ Light Truck ယာဉ်များဖြင့် ပျဉ်းမနား-မြို့မဈေး၊ ပျဉ်းမနား-မြို့မဈေး-တောင်ညို၊ ပျဉ်းမနား-တပ်ကုန်း ခရီးစဉ်များကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါကြောင်း၊ တော်ဝင်ယာဉ်အသင်းက လမ်းကြောင်း(၄)ခုကို Bus ကားများဖြင့် ပြေးဆွဲလျက်ရှိပါကြောင်းနှင့် "ရာဇာမင်း" ခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းက EV Bus များဖြင့် မြို့တွင်းယာဉ်လိုင်းပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **တစ်နိုင်ငံလုံးရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အခွန်ငွေသတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး၏ **လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ လုပ်ပေးနိုင်ပါက ဘယ်အချိန်ကာလတွင် စတင်ပြုလုပ်ပေးမည်နှင့် မလုပ်ပေးနိုင်ပါက အဘယ်ကြောင့်မလုပ်ပေးနိုင်ခြင်းကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာနိုင်ငံအတွင်း ရောက်ရှိနေသော တရားမဝင် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များသည် ဥပဒေနှင့်မညီသည့်အတွက် အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါသဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေး၍ မရပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ မိုးရာသီတွင် ကမ်းပါးများ ရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် သစ်ဆိမ့်ပင်ကျေးရွာ ပေ(၈၅၀)၊ ဖောင်းတောကျေးရွာပေ(၁၅၀၀)၊ အနော်ရထာရပ်ကွက် တံတားအထက် ပေ(၁၀၀၀) - တံတား အောက် ပေ (၁၅၀၀)၊ လက်ပံကုန်းကျေးရွာ ပေ(၇၀၀)၊ ရှောက်ကုန်းကျေးရွာ ပေ(၉၀၀)တို့အား ကမ်းထိန်းနံရံများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတို၊ ရေရှည် အစီအမံများချမှတ်၍ ဆောင် ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ အနော်ရထာရပ်ကွက် နဝင်းချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ သစ်ဆိမ့်ပင်ကျေးရွာ ရေကြီးရေလျှံချောင်း ပေါက်ထွက်မှုကာကွယ်ရေးလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ် တင်ပြတောင်းခံခဲ့ရာ ရန်ပုံငွေလျာထားပါဝင်ခြင်း မရှိသည့်အတွက် နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ကမ်းပြိုနေရာများဖြစ်သည့် ဖောင်းတောကျေးရွာ၊ လက်ပံကုန်းကျေးရွာ၊ ရှောက်ကုန်းကျေးရွာတို့ကိုလည်း ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ဆောင်ရွက်သင့်သည့် အစီအမံများနှင့်အတူ ဘဏ္ဍာရန်ပုံငွေရရှိရေး ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ခရမ်းမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **ခရမ်းမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ (၁)ခု၊ ကျိုက်ချောင်တိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့် ပိန်းကန်တိုက်နယ်ဆေးရုံ (၃)ရုံရှိပြီး ဆရာဝန်(၁၁)ဦးနှင့် သူနာပြု (၂၀) လိုအပ်လျက်ရှိပါသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျိုက်ချောင်တိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့်ပိန်းကန်တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်နှင့် သူနာပြုများ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုက်နယ်ဆေးရုံတိုင်းတွင် အနည်းဆုံးဆရာဝန်တစ်ဦးထားရှိနိုင်ရေး မူအရဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရမ်းပြည်သူ့ဆေးရုံ၏ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်အပေါ်မူတည်ပြီး လက်ထောက်ဆရာဝန်များ ထပ်မံခန့်ထားနိုင်ရေးစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုလအတွင်း သစ်လွင်သူနာပြုများအား ခန့်ထားသည့်အချိန်တွင် သူနာပြုခြောက်ဦးအား ခွဲဝေခန့်ထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆန်စိန်၏ **တန့်ယန်းမြို့ ပြည်သူ့ဆေးရုံအား (၂၅) ခုတင်ဆံ့ ဆေးရုံမှ ခုတင် (၅၀) ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း က ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့တွင် (၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ ဝိန်းကောင်တိုက်နယ်ဆေးရုံ၊ မန်ပန်တိုက်နယ်ဆေးရုံ၊ မန်ကတ်တိုက်နယ်ဆေးရုံနှင့် မိုင်းကောင်တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ (၅ ) ရုံဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး တန့်ယန်းမြို့ပြည်သူ့ဆေးရုံ၏ ခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ သတ်မှတ်ထားသောမူအရ ပြည့်မီရန် လိုအပ်လျက်ရှိသဖြင့် လတ်တလော ခုတင်(၅၀) ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၏ ဖောင်းပြင်မြို့ ခုတင်(၅၀)ဆံ့ဆေးရုံတွင် မြို့နယ်ဆရာဝန်ကြီးတစ်ဦးသာရှိပြီး သွားဆရာဝန်နှင့်အတူ ဆေးပညာရှင်ဝန်ထမ်းများ လိုအပ်လျက်ရှိပါသဖြင့် တာဝန်ချခန့်ထားပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဖောင်းပြင်မြို့ ခုတင်(၅၀)ဆံ့ ဆေးရုံအတွက် သွားဆရာဝန်တစ်ဦးအား ယခုနှစ်အတွင်း တာဝန်ချထားပေးသွားမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်နှင့်အညီ ကျန်သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများအား တာဝန်ချထားပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် ရွှေလှံဗိုလ်(ကံအောက်)ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု လိုအပ်လျက်ရှိပါသောကြောင့် တိုက်နယ်ဆေးရုံအဖြစ် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းက စဉ့်ကိုင်မြို့နယ် ရွှေလှံဗိုလ်(ကံအောက်)ကျေးရွာသည် ရွာဘိုကျေးလက်ကျန်းမာရေးဌာနနှင့် နတ်ရေကန်ကျေးလက်ကျန်းမာရေးဌာနခွဲများက စောင့်ရှောက်မှုပေးနေသော ကျေးရွာတစ်ရွာဖြစ်ပြီး ယခုအဆိုပြုနေရာတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် အခြေခံသတ်မှတ်ချက်များဖြစ်သော ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိပြီးသော ကျေးရွာဖြစ်ရမည်ဆိုသည့်အချက်နှင့် လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ လာရောက်ရန် ခက်ခဲသောနယ်မြေဖြစ်ရမည်ဆိုသည့် လိုအပ်ချက်များရှိနေပါသဖြင့် လက်ရှိအချိန်တွင် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မိမိတင်ငွေက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## မူဆယ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

**မူဆယ် ဇွန် ၂၂**

မူဆယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်နေသည့် မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့မှ ကျောင်းသားကျောင်းသူများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်မြို့နယ် ဦးစီးမှူးရုံးက ထုတ်ပေးလျက်ရှိရာ မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ညအချိန်
အိပ်နေ
ချိန်တွင်
လျှပ်စစ်မီးများ
ပိတ်ထား
ခြင်းဖြင့်
လျှပ်စစ်ကို
နေ့စဉ် ချွေတာ
သင့်ပါသည်

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

## အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် အကူအညီပေးရေးစင်တာ ဖွင့်လှစ်ဆောင်ရွက်ပြီး အခွန်ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၂

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၆ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်လှထွေး၏ **လက်ရှိဆောင်ရွက်နေသော အခွန်စနစ်အရ အခွန်ဘဏ္ဍာရရှိမှု၊ အခွန်ကောက်ခံမှုယန္တရားတွင် နည်းပညာနှင့် လူအင်အားလုံလောက်မှု ရှိ၊ မရှိ၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများရရှိမှု ရှိ၊ မရှိနှင့် နိုင်ငံတော်အခွန်ဘဏ္ဍာပိုမိုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က လက်ရှိဆောင်ရွက်နေသော အခွန်စနစ်အရ အခွန်ဘဏ္ဍာရရှိမှုနှင့် ရသင့်ရထိုက်သော အခွန်ငွေများရရှိရေးအတွက် (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ အခွန်အကောက်စနစ်တွင် ပြည်ထောင်စုအဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်နှင့် စည်ပင်သာယာရေးအဖွဲ့အဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်ဟူ၍ အဆင့်သုံးဆင့် ဖွဲ့စည်းထားပါကြောင်း။

နှစ်အလိုက် အခွန်ကောက်ခံရရှိမှုအခြေအနေနှိုင်းယှဉ်ချက်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ကောက်ခံရရှိသည့် အခွန်အကောက်ရငွေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၄၉၁၂ ခန့်ရရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၁၄၀၇၀ ကောက်ခံရရှိခဲ့သည့်အတွက် အခွန်အကောက်ရငွေ သုံးဆခန့်တိုးတက်ရရှိခဲ့ပါကြောင်း၊ ပြည်ထောင်စု၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၅ ဒသမ ၀၇ ရာခိုင်နှုန်းသာရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၈ ဒသမ ၅၅ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုးကို ၉ ဒသမ ၅ ရာခိုင်နှုန်းရရှိရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာ တိုးချဲ့ကျင့်သုံးနိုင်ရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် နည်းပညာဆိုင်ရာဌာနခွဲကို ဌာနခွဲတစ်ခုစီ သီးခြားထည့်သွင်း ဖွဲ့စည်းထားရှိခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ် (e-Registration Management System)၊ အီလက်ထရောနစ် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System)၊ အီလက်ထရောနစ် ငွေပေးချေမှုစနစ်များဖြစ်သည့် m-Banking၊ e-Banking၊ i- Banking၊ Mobile Payment IRD’s Tax Payment Hub၊ Mobile Payment တို့ဖြင့် အခွန်ငွေများ ပေးဆောင်နိုင်ရန် စီမံဆောင်ရွက်ထားခြင်း၊ အကောက်ခွန်ဦးစီးဌာနတွင် မြန်မာ အလိုအလျောက်ကုန်ပစ္စည်း ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS )ကို အသုံးပြုပြီး Internet Banking / Mobile Banking မှတစ်ဆင့် အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်နိုင်ရေးတို့ကို စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

အခွန်ဘဏ္ဍာပိုမိုရရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့မှ စီးပွားရေးလုပ်ငန်းစာရင်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီစာရင်းများနှင့် တိုက်ဆိုင်စိစစ်ပြီး အခွန်ထမ်းသစ်များ ဖော်ထုတ်ခြင်း၊ မိုဘိုင်းဖုန်းဟန်းဆက်များကို နည်းပညာအသုံးပြု၍ မှတ်ပုံတင်စေသည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်ဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အီလက်ထရောနစ်ဝန်ဆောင်မှုစနစ်ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ အခွန်ရငွေပိုမိုတိုးတက်ရေး၊ အခွန်စည်းကြပ်ရာတွင် မျှတမှုဖြစ်စေရေး၊ အခွန်မျိုးများ၏ လုပ်ပိုင်ခွင့်ကို လျှော့ချကန့်သတ်ခြင်းဖြင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်နိုင်ရေးတို့အတွက် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို တိုးချဲ့ကျင့်သုံးဆောင်ရွက်ခြင်း၊ အခွန်ထမ်းများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် အီလက်ထရောနစ် ဝန်ဆောင်မှုနည်းပညာဆိုင်ရာ အကူအညီပေးရေးစင်တာ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အခွန်ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပြီး အခွန်ပညာပေးရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အခွန်ယဉ်ကျေးမှု ပိုမိုခိုင်မာလာစေရေးနှင့် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်တာဝန်ကို ကြည်သာပျူငှာစွာ ထမ်းဆောင်လာစေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း၍ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူဦးရေများပြားလာသည့်အတွက် နေထိုင်မှုအဆင်ပြေစေရန် ရွာတိုးချဲ့မြေခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တိုးချဲ့လိုသော ကျေးရွာမြေသည် လယ်ယာမြေဖြစ်ပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဖြစ်ပါက ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း၊ ဝန်ကြီးဌာနများမှ စီမံခန့်ခွဲလျက်ရှိသော မြေများဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုမိန့်များအရလည်းကောင်း ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိပါက ၁၉၀၇ ခုနှစ် မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေအပိုဒ် ၄၁၊ ၄၂၊ ၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေထိုင်ရန်အခက်အခဲရှိသော ကျေးရွာနေပြည်သူများအား ချထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူဦးရေများပြားလာသည့်အတွက် နေထိုင်မှုအဆင်ပြေစေရေး ကျေးရွာမြေတိုးချဲ့ခွင့်ပြုပေးနိုင်ပါရန် သက်ဆိုင်ရာကျေးရွာများမှ ပြည်သူများက လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးခင်မောင်တင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ မလေးရှားဝိုင်ကျေးရွာအုပ်စု ပျဉ်းမချိုကျေးရွာ၊ မင်္ဂလာရပ်ကွက်၊ နှင်းဆီမြိုင်ကျေးရွာ၊ ကင်းပတီးကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာနှင့် လိပ်လှော့ကျေးရွာ၊ ဖလုံဘူတာကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာနှင့် ကြို့ပင်ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာတို့အား သစ်တောရေိယာမြေမှပယ်ဖျက်ပြီး ကျေးရွာပိုင်မြေအဖြစ် ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မလေးရှားဝိုင်ကျေးရွာအုပ်စု ပျဉ်းမချိုကျေးရွာသည် ၂၀၀၆ ခုနှစ်ခန့်မှစ၍ ၇၈ ဧကရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ မင်္ဂလာရပ်ကွက်၊ နှင်းဆီမြိုင်ကျေးရွာသည် ၁၉၉၀ ပြည့်နှစ်ခန့်မှစ၍ ၉၀ ဧကခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်းတည်ရှိကာ အဆိုပါကျေးရွာ နှစ်ရွာသည် တောင်လှိုင်ရိုးမသစ်တောကြိုးဝိုင်းမြေအတွင်းပါဝင်နေပါကြောင်း၊ ကင်းပတီးကျေးရွာအုပ်စုအတွင်းရှိ ရွှေညောင်ကျေးရွာသည် ၂၀၁၂ ခုနှစ်ခန့်မှစ၍ ၅၁ ဧကရှိသည့် ကျေးရွာအဖြစ်တည်ရှိပြီး မာဂရီသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေပါကြောင်း။

ကင်းပတီးကျေးရွာအုပ်စုအတွင်းရှိ ယခင်လိပ်လှော့ကျေးရွာ(ယခုမြိုင်ဟေဝန်ကျေးရွာ)သည် ၁၉၆၆ ခုနှစ်မှစ၍ ဧက ၃၀ ခန့်ရှိသည့် ကျေးရွာအဖြစ်တည်ရှိပြီး ဥက္ကံသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေပါကြောင်း၊ လိပ်လှော့ကျေးရွာမြေနေရာသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မြန်မာ့သစ်လုပ်ငန်းသို့ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း(မြိုင်ဟေဝန်ဆင်စခန်း)အဖြစ် ဆောင်ရွက်ရန်အတွက် ဆင်စခန်းနှင့် ဆင်စားကျက်မြေအဖြစ် ခွင့်ပြုထားသည့် မြေဧရိယာ ၃၃ ဧကအတွင်း ကျနေသည့်အတွက် သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်းမရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖြေကြားထားပါကြောင်း။

ဖလုံဘူတာကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာသည် ၁၉၆၁ ခုနှစ်ခန့်မှစ၍ ၁၆ ဧကခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ ကြို့ပင်ကျေးရွာသည် ၁၉၈၃ ခုနှစ်ခန့်မှစ၍ ဧက ၃၀ ခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ ရေတွင်းကုန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာသည် ၂၀၀၇ ခုနှစ်ခန့်မှစ၍ ၁၇ ဒသမ ၅၀ ဧကခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း တည်ရှိကြပြီး အဆိုပါကျေးရွာ သုံးရွာသည် မာဂရီသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေကြပါကြောင်း။

သစ်တောရေိယာမြေမှပယ်ဖျက်၍ ကျေးရွာမြေအဖြစ် ဆောင်ရွက်လိုသည့် ကျေးရွာ ခုနစ်ရွာသည် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် ကျေးရွာများစာရင်းတွင် မပါဝင်ပါကြောင်းနှင့် ယင်းကျေးရွာ ခုနစ်ရွာအနက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောကြိုးဝိုင်းမြေအဖြစ် ပယ်ဖျက်ပေးနိုင်ခြင်းမရှိသည့် ကင်းပတီးကျေးရွာအုပ်စု လိပ်လှော့ကျေးရွာ (ယခုမြိုင်ဟေဝန်ကျေးရွာ)မှလွဲ၍ ကျန်ခြောက်ရွာအား သစ်တောကြိုးဝိုင်မြေမှကျေးရွာမြေအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးရှာမွေလရှဲန်၏ **ရှမ်းပြည်နယ် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု ရှေခင်ကျေးရွာ ကြိုးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက လက်ရှိတံတားသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စတင်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့က ပစ္စည်းထောက်ပံ့ပေးပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ သန်း၊ ကျေးရွာမှ ထည့်ဝင်ငွေကျပ် ၃၂ သန်းနှင့် ကျေးရွာလူထုလုပ်အားဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လိုအပ်ပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ် အခြေခံပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ပေါင်းစပ်၍ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကိုင်းတောကြီးကျေးရွာရှိ တောင်မန်းမြောင်းတောင် ၇ ဒသမ ၆ မိုင် (ပေတိုင်အမှတ် ၄၁၀၀၀)နှင့် ၈ မိုင် (ပေတိုင်အမှတ် ၄၂၀၀၀) ကြားရှိ ပေါင်းတံတားအထိ ၂ ဒသမ ၂ မိုင်အရှည်ရှိသော ကုန်ထုတ်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကိုင်းတောကြီးကျေးရွာ ကုန်ထုတ်လမ်း၏ လက်ရှိလမ်းအကျယ်သည် ပျမ်းမျှ ၁၀ ပေခန့်သာရှိပြီး ကုန်ထုတ်လမ်းဖောက်လုပ်ရန် လမ်းနယ် အကျယ်ပေ ၃၀ ရှိရန် လိုအပ်ပါကြောင်း၊ လမ်းအကျယ်ပြည့်မီစေရန်အတွက် သက်ဆိုင်ရာ တောင်သူများ၊ ကျေးရွာလမ်းကော်မတီများနှင့် မြေနေရာရရှိရေးကို လွှတ်တော်ကိုယ်စားလှယ်က စည်းရုံးဆောင်ရွက်ပေးရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

မြေနေရာရရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် အသေးစိတ်ခန့်မှန်းခြေ တွက်ချက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စာမျက်နှာ ၈ သို့ ❍

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ 2nd International Forum of the Union State "Great Heritage – Common Future" သို့ တက်ရောက် မိန့်ခွန်းပြောကြား

ဘရက်စ် ဇွန် ၂၂

2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ်သို့ တက်ရောက်ရန် ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့၌ ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် ၁၂ နာရီတွင် ဘရက်စ်မြို့ Brest Regional Community and Cultural Center ကျင်းပပြုလုပ်သည့် 2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ်သို့ ဖိတ်ကြားထားသော နိုင်ငံ ၁၇ နိုင်ငံမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အဆင့်မြင့် နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ကာ စုံညီအစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိန့်ခွန်းတစ်ရပ် ပြောကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ 2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ်၌ မိန့်ခွန်းပြောကြားစဉ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ယနေ့နံနက် ၃ နာရီတွင် ဖိုရမ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့ရှိ ဘရက်စ်သူရဲကောင်းခံတပ် အထိမ်းအမှတ်ဝန်း ("Brest Hero Fortress" Memorial Complex) ၌ ကျင်းပပြုလုပ်သည့် ၁၉၄၁ ခုနှစ် ဇွန် ၂၂ ရက်တွင် ဒုတိယကမ္ဘာ(မဟာမျိုးချစ်)စစ်အတွင်း ကျဆုံးခဲ့ရသူများနှင့် ဘယ်လာရုစ်ပြည်သူများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ **"အမျိုးသားအောက်မေ့ဖွယ်နေ့"** (Day of National Remembrance of Victims of the Great Patriotic War and the Genocide of Belarusian People) အထိမ်းအမှတ် နိုင်ငံတကာ ဝတ်ပြုဆုတောင်းပွဲနှင့် စစ်ရေးပြအခမ်းအနားသို့ ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် နာတာလီယာ ပတ်ကီဗစ် (Natalya Petkevich)၊ ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ ဗီယာချက်စလပ် ဗိုလိုဒင် (Vyacheslav Volodin)၊ ဖိတ်ကြားထားသော ပြည်ပနိုင်ငံအသီးသီးမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အဆင့်မြင့်နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူထောင်ပေါင်းများစွာတို့နှင့်အတူ တက်ရောက်ခဲ့ပြီး စစ်ပွဲအတွင်း ကျဆုံးခဲ့ရသည့် ရဲဘော်များနှင့် ပြည်သူများအားရည်စူး၍ ထာဝရမီးလျှံ (Eternal Flame)နှင့် အထိမ်းအမှတ်ကျောက်စာဂူများရှေ့၌ လွမ်းသူ့ပန်းခွေများချထားပြီး တက်ရောက်လာကြသူများနှင့်အတူ တစ်မိနစ်ငြိမ်သက်ကာ အလေးပြုခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကိုယ်စားလှယ်များအပါအဝင် လူဦးရေ ၁၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖိုရမ်ကျင်းပရာ Brest Regional Community and Cultural Center ၌ ဒေသစံတော်ချိန် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor SERGEYENKO နှင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးရာ အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံဥပဒေများကို လေးစားလိုက်နာပြီး လွှတ်တော်အချင်းချင်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သက်ကြီးပုဂ္ဂိုလ်များအား သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ပေးအပ်

နေပြည်တော် ဇွန် ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် ဓမ္မာရုံ၌ အောင်ဇမ္ဗူရပ်ကွက်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ် ၂၅ ဦးကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် တပ်တွင်းဓမ္မာရုံ၌ မင်္ဂလာရပ်ကွက်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ် ၂၀ နှင့် ရွှေချီရပ်ကွက်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ် ၃၀ စုစုပေါင်း သက်ကြီးပုဂ္ဂိုလ်၇၅ဦးကိုသက်ကြီးရွယ်အိုသက်သေခံကတ်ပြားများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

သက်ကြီးရွယ်အို သက်သေခံကတ်ပြားရရှိသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ရထားလက်မှတ်ဝယ်ယူရာ၌ ကျသင့်လက်မှတ်ခ၏ ၅၀ ရာခိုင်နှုန်း လျှော့ပေါ့ခံစားခွင့်၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် ရုပ်ရှင်၊ ဇာတ်သဘင်၊ အငြိမ့်၊ သီဆိုပွဲ၊ ပြဇာတ်၊ ပန်းချီ၊ ပန်းပု စသည့်နိုင်ငံပိုင်ဖျော်ဖြေရေးဝန်ဆောင်မှုများတွင် ဝင်ကြေးအနည်းဆုံး ၅၀ ရာခိုင်နှုန်း လျှော့ပေါ့ခံစားခွင့်၊ အမျိုးသားပြတိုက်သို့ ဝင်ရောက်ပါက ဝင်ကြေးကင်းလွတ်ခြင်း ခံစားခွင့်၊ သက်ကြီးပုဂ္ဂိုလ်များ ကွယ်လွန်ခဲ့ပါက သင်္ဂြိုဟ်စရိတ် ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❍ စာမျက်နှာ ၇ မှ

အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့နှင့် ပေါင်းစပ်၍ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုတို့အရ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု(သို့မဟုတ်) တိုင်းဒေသကြီးရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း **အစား** စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးသိန်းလှိုင်ကို အဖွဲ့ဝင်အဖြစ် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဒေါ်ဇင်ပပဦးက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်းနှင့် အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦးတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခံရသည့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးဇော်မင်းသန်းက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာစောနေလင်းအောင်နှင့် အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးဇော်မင်းသန်းတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက် ရယူရာ အတည်ပြုသဖြင့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တာဝန်ပေးအပ်ခံရသည့် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးဖြိုးဝေလင်းက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်စိုးနှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးဖြိုးဝေလင်းတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဇွန် ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

**နေပြည်တော် ဇွန် ၂၂**

သဘာဝ ပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိသည်။

ယနေ့တွင် ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီးဒေါ်နန်းကူးကူး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမှာစကားပြောကြားရာတွင် "ဥတုရာသီ တောကိုမှီ" ဆိုသည့်စကားအတိုင်း သစ်ပင်များ စိုက်ပျိုးခြင်းသည် ရာသီဥတုကို ထိန်းညှိပေးနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုလည်း များစွာအကျိုးသက်ရောက်စေခြင်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် သစ်ပင်၊ သစ်တောကဏ္ဍကို တပ်မတော် အနေဖြင့်လည်း အလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

သဘာဝရာသီဥတုက သစ်ပင်သစ်တောများကို ရှင်သန်စေပြီး သစ်ပင်သစ်တောများက ကောင်းမွန်သည့် သဘာဝရာသီဥတုကို ပြန်လည်ထိန်းညှိပေးနိုင်ခြင်းပင် ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရာသီဥတုက တစ်ဆင့် လူသားများ၏ သက်ရှည်ကျန်းမာရေးကို များစွာအထောက်အကူပြုနေသလို ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားရေးအတွက်လည်း များစွာ အထောက်အကူပြုနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်သစ်တော၊ သဘာဝရာသီဥတုနှင့် သက်ရှိမျိုးစုံတို့၏ သက်ရှည်ကျန်းမာရေးဆိုသည့် အကျိုးဆက်ကောင်းများဖြစ်ပေါ်ရန် သစ်ပင်စိုက်ပျိုးခြင်းသည် အခြေခံအကျဆုံးနှင့် အကောင်းဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယနေ့ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏ ကြုံတွေ့နေကြသည်ကို တွေ့မြင်ရမည်ပင် ဖြစ်ကြောင်း၊ တစ်နေ့ထက်တစ်နေ့ ကမ္ဘာကြီးသည် ပိုမိုပူနွေးလာသည်ကို ခံစားသိမြင်ကြရမည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာရခြင်းသည် သစ်ပင်သစ်တောများ ပြုန်းတီးလာမှုကို တိုက်ရိုက်ညွှန်းဆို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၀၉-၂၀၁၀ ပြည့်နှစ် ကာလများတွင် အပူပိုင်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မြင်းမူဒေသများသည် စံချိန်တင် အမြင့်ဆုံးအပူချိန်ကို ခံစားခဲ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်၊ မန္တလေးနှင့် ညောင်ဦးဒေသများတွင် အမြင့်ဆုံးအပူချိန်များကို ခံစားခဲ့ရကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရှိရကြောင်း၊ အမြင့်ဆုံးစံချိန်တင် အပူချိန်များကို ခံစားရသည်နှင့်အမျှ လူသားတို့၏ သက်ရှည်ကျန်းမာရေး အပြင် စိုက်ပျိုးရေ၊ သောက်သုံးရေစသည့် ကဏ္ဍများမှာပါ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ခံစားလာကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် "နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့" ဆိုသည့် မူဝါဒနှင့်အညီ သစ်ပင်သစ်တောကဏ္ဍ ပြည့်စုံကြွယ်ဝရေးမှသည် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအထိ မျှော်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သယံဇာတဆိုသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးနိုင်သည့် သယံဇာတရှိသကဲ့သို့ ပြန်လည်မပြည့်ဖြိုးသည့် သယံဇာတများလည်း ရှိကြောင်း၊ အဆိုပါ သယံဇာတများအနက် သစ်ပင်သစ်တောများ သည် ပြန်ပေါက်တောဆိုသည့် သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးလာတတ်သည့် သဘာဝသယံဇာတတစ်ခုပင်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများကိုစိုက်ပျိုးထိန်းသိမ်းခြင်းနှင့်အတူ လူသားများ၏ သက်ရှည်ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် လူသားသဘာဝကို ကောင်းမွန်စွာတည်ဆောက်နိုင်သကဲ့သို့ သားရဲတိရစ္ဆာန်များ၏ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ လည်း ကာကွယ် ထိန်းသိမ်းရာရောက်ကြောင်း။

ယခု ပေါ်ပေါက်လာခဲ့သည့် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသကဲ့သို့ မြို့ပြအင်္ဂါရပ်များ ဖွံ့ဖြိုးရေးကိုလည်း အရှိန်အဟုန်နှင့် ဆောင်ရွက်လျက် ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြို့ပြ၊ ကျေးလက်များ၏ ပြင်ပဖြစ်သည့် မြေလွတ်မြေရိုင်းများတွင် သစ်ပင်သစ်တောများ ပြည့်ဖြိုးရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်နေသလို မြို့ပြ၊ ရပ်ကွက်၊ ကျေးရွာများ၊ အများသူငါသွားလာနေကြသည့် လမ်းမကြီးများ၊ တပ်ရင်းတပ်ဖွဲ့များ၏အဆောက်အအုံများ အနားတွင် လေပြင်းဒဏ်ကို ကာကွယ်နိုင်ရန် အရိပ်ရလေကာပင်များ၊ နှစ်ရှည်စားသုံးသီးနှံပင်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျစိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ သို့မှသာ သစ်ပင်သစ်တောများကြောင့် မြို့ပြအင်္ဂါရပ်ကို ထိခိုက်စေနိုင်မည့် အကြောင်းတရားများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထာဝစဉ်ဆောင်ရွက်ပေးနေသည့် ကာကွယ်ရေးအင်အားစုကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတော်အပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များကို လည်း ကြိုတင်မြော်တွေးပြီး ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို နှစ်စဉ်ပုံမှန်ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများနှင့် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့် ကောင်းမြတ်သည့် ရည်မှန်းချက်များနှင့် သစ်ပင်စိုက်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပစိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေများ၊ တပ်ရင်း/တပ်ဖွဲ့နယ်မြေဒေသ အသီးသီးတွင် သစ်ပင်စိုက်ပွဲများ ကျင်းပပြီး အားကြိုးမာန်တက် စိုက်ပျိုးနေကြသကဲ့သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပွဲအထိ သစ်ပင်စိုက်ပွဲ စုစုပေါင်း ၄၄ ကြိမ် ကျင်းပခဲ့ပြီး ရတနာတန်းဝင်ပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်စသည့် အပင်မျိုးစုံ ၂၀၈၄၂၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကျင်းပသည့် ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်ပင် စုစုပေါင်း ၂၄၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

သစ်ပင် စိုက်ပျိုးပွဲများ ကျင်းပရာတွင် စီစဉ်ကြီးကြပ်သည့် သူများအနေဖြင့် ဒေသအတွက် အမှန်တကယ် သစ်တောဖုံးလွှမ်းမှု လိုအပ်ချက်ရှိနေသည့် နေရာများကို **စာမျက်နှာ ၁၀ သို့** ✣



နေပြည်တော် ဇေယျာသီရိမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

✣ စာမျက်နှာ ၉ မှ
အကြိမ်အရေအတွက် အလိုက် စနစ်တကျစိစစ်ပြီး ကနဦးရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးမြေနေရာအလိုက် စိုက်ပျိုးပြီးခဲ့သည့် နေရာများတွင် သစ်ပင်သစ်တောများ၏ ရှင်သန်ကြီးပြင်းမှုကိုလည်း ထိန်းသိမ်းသွားကြရန် အထူးလိုအပ်ကြောင်း၊ သို့မှသာ နှစ်အလိုက် စိုက်ပျိုးပြီးသမျှ ရှင်သန်ကြီးထွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အနှစ်သာရရှိရှိ အထောက်အကူ ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးကြသည်။ ယင်းနောက် အခမ်းအနား တက်ရောက် လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရ လေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၂၃၅ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၄၉၃ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၄၄၉၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၂၉၇ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၁၆၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၂၉၇၉ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၅၆၈၃ ပင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ ၁၄၆၄၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၄၉၀၅၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၉၁၃၃ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၁၃၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၇၁၂၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၇၉၈၇ ပင်နှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၂၈၆၀ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်း သစ်ပင် ၂၃၅၆၇၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

# ကျေးရွာသစ်လှူပ်ရှားမှုစီမံကိန်းကျေးရွာများမှ ကျေးရွာခေါင်းဆောင်များအတွက် အသုံးချစာရင်းရေး၊ စာရင်းကိုင်သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာသစ်လှူပ်ရှားမှု စီမံကိန်းကျေးရွာများမှကျေးရွာခေါင်းဆောင်များအတွက် ဖွင့်လှစ်သည့် အသုံးချစာရင်းရေး၊ စာရင်းကိုင်သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမှာစကား ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ဌာန တာဝန်ရှိသူများသည် ကျေးရွာသစ်လှူပ်ရှားမှု စံပြကျေးရွာ ၂၇ ရွာမှ ကျေးရွာသစ်လှူပ်ရှားမှုကော်မတီခေါင်းဆောင် သင်တန်းသား သင်တန်းသူများက သက်ဆိုင်ရာ ဒေသအသီးသီး၏ စိုက်ပျိုးမွေးမြူရေး ရေလိုအပ်ချက်များနှင့် ပတ်သက်သည့် တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကျေးရွာသစ်လှူပ်ရှားမှု စံပြကျေးရွာစီမံကိန်းကို ၂၀၁၅ ခုနှစ်မှစတင်၍ ကာလရှည် စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ ယနေ့အထိ စုစုပေါင်း ကျေးရွာ ၂၅၀ တွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းအား ငွေကြေးအရင်းအနှီးဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းမှ ထောက်ပံ့ငွေများအပါအဝင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေများ၊ ငွေကြေး အဝင်အထွက်များနှင့် ပိုင်ဆိုင်ပစ္စည်းကိရိယာများကို စနစ်တကျမှတ်တမ်းတင် စာရင်းသွင်းပြုစုနိုင်ကြစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ယခုသင်တန်းသို့ ကျေးရွာသစ်လှူပ်ရှားမှု စံပြကျေးရွာ ၂၇ ရွာမှ ကျေးရွာသစ် လှူပ်ရှားမှုကော်မတီခေါင်းဆောင် ၈၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ စာရေးဆရာအသင်း အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် ဇွန် ၂၂**

အင်းစိန်မြို့နယ်တွင် မြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၂၁ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)က အမှာစကားပြောကြားပြီး စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး တက္ကသိုလ် မြမဥ္ဇူက နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာကို ဖတ်ကြားအတည်ပြုသည်။

ထို့နောက် အမှုဆောင်သစ်များ ရွေးချယ်ရာတွင် စာရေးဆရာ (မောင်မောင်ဝင်းမြင့်-မှူခင်း)ခေါင်းဆောင်၍ ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးအဖွဲ့ ငါးဦးတို့က ယခင်အမှုဆောင်ဟောင်းများ နုတ်ထွက်စေ၍ အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ရာတွင် အင်းစိန်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသက်တင်(မောင်သာတင့်-မြန်အောင်) ပါ အမှုဆောင်အဖွဲ့သစ် ကိုးဦးတို့အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



# လှည်းကူးမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများ ကြိုတင်ပြင်ဆင်စစ်ဆေး

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မီးသတ်စခန်းတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူ၊ ယာဉ်/စက်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများက ဇွန် ၁၉ ရက်တွင် သွားရောက်စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လှည်းကူးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များအား မြို့နယ်မီးသတ်ဦးစီးဌာနမှဦးစီးအရာရှိ ဦးယုလွင်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုသည့် ပစ္စည်းကိရိယာများ ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် တပ်ဆင်အသုံးပြုပုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု အမှတ်(၁၅)အခြေခံပညာအထက်တန်းကျောင်း၌ အမျိုးသမီးရေးရာအဖွဲ့နှင့် ဓမ္မကျောင်းတော်အဖွဲ့တို့ပူးပေါင်း၍ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်လွင်မီသင်က အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးပပက အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များမှ တစ်ရပ်ဖြစ်သော အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ဟောပြောသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ဓမ္မကျောင်းတော် ဖြစ်မြောက်ရေးကော်မတီနာယက ဆရာမကြီး ဒေါ်ခင်မေဝင်းက ဓမ္မကျောင်းတော်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ဗိုလ်တထောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ဗိုလ်တထောင် ဇွန် ၂၂**

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ အသက်(၁၀)နှစ်ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၂၀ ရက်က အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းမြင့်ဦးဆောင်သည့် ဝန်ထမ်းများက အသက်(၁၀)နှစ် ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူ ၈၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မိုးကျော်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ဒီရေတောသစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၂ ရက်က အမှတ်(၃)ရပ်ကွက် အဏ္ဏဝါသောင်ကမ်း၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။

**မြို့နယ်(ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

# မူးယစ်ဆေးရန် တို့တွန်းလှန် ပူးပေါင်းတိုက်ဖျက် နိုင်ငံအတွက်

စောအောင်လင်း

**မူးယစ်ဆေးဝါးသည် ဦးနှောက်နှင့် အာရုံကြောကို ထိခိုက်ပြောင်းလဲစေနိုင်ပြီး ခန္ဓာကိုယ်ကို တစ်နည်းနည်းဖြင့် ဘေးဒုက္ခဖြစ်စေကာ စွဲလမ်းမှုကိုဖြစ်စေသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်မားလာခြင်းသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်နေကြရသည်။**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ၏အဓိပ္ပာယ်ကို ခွဲခြားလေ့လာရာတွင် -

–ဆေးဝါး (Drug) ဆိုသည်မှာ သက်ရှိခန္ဓာကိုယ်အတွင်းရောက်ရှိပြီး လုပ်သင့်၊ ဆောင်ရွက်သင့်သည့် လုပ်ငန်းများက လုပ်ကိုင်ဆောင်ရွက်သော အရာဝတ္ထုပစ္စည်း၊

– မူးယစ်ဆေးဝါး (Narcitics) ဆိုသည်မှာ မည်သည့်မူးယစ်ဆေးဝါးမဆို သုံးစွဲလိုက်ပါက ဦးနှောက်အာရုံကြောကို ထိခိုက်ထုံထိုင်းစေခြင်း၊ မူးယစ်စေခြင်း၊ ကိုယ်ခန္ဓာကို တစ်နည်းနည်းဖြင့် အန္တရာယ်ဖြစ်စေခြင်း (သုံးစွဲမိပါက စိတ်ရောကိုယ်ပါ စွဲလမ်းသွားတတ်ပြီး ဆက်၍မသုံးရပါက မနေနိုင်အောင် စွဲလမ်းသွားတတ်သည်)

– စိတ်ကိုပြောင်းလဲစေသောဆေး (Psychotropic Sustance) ဆိုသည်မှာ ခံစားမှု၊ အသိစိတ်နှင့် အပြုအမူများကို ပြောင်းလဲစေသောဆေးဝါးများ ဖြစ်ကြသည်။

### ဘိန်းဆိုသည့်ဝေါဟာရ

မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် ဘိန်းကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြုကြသည်။ ဘိန်းဆိုသည့် ဝေါဟာရသည် မြန်မာစကားမဟုတ်ပါ။ အာရှမိုင်းနားဘက်တွင် အီဖျန်းဟု ခေါ်ဆိုခဲ့ကြပြီး ပါဠိစကားအရ အဟိဖေန၊ သက္ကတစကားအရ အဖေန၊ ဟိန္ဒူစကားအရ အဖိန်းဟုခေါ်ဆိုခဲ့သည်။ ထိုမှ မြန်မာစကား ဘိန်းဟုခေါ်ဆိုခဲ့ကြောင်း လေ့လာသိရှိရသည်။

ဘိန်းသည် မြေထဲပင်လယ်ဒေသနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် အစောဆုံးတွင်ကျယ်ခဲ့ကြပြီး ဘီစီ ၅၀၀၀ ခန့်က မက်ဆိုပိုတေးမီးယားတောင်ပိုင်း၌နေထိုင်ကြသည့် ဆူမားဒီးယန်းလူမျိုးများက ဘိန်းအကြောင်းကို သိရှိခဲ့ကြသည်။ ရှေးဟောင်းအီဂျစ်မှတ်တမ်းများအရ ဘိန်းကို အိပ်ဆေးအဖြစ် အသုံးဝင်ကြောင်းနှင့် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၀၀၀ ခန့်ကတည်းက သိရှိခဲ့ကြသည်ဟုလည်း မှတ်သားရသည်။

အာရှတိုက်၌ ၁၁ ရာစုတွင် အိန္ဒိယ၌ ဘိန်းစတင်စိုက်ပျိုးခဲ့ပြီး ၁၆ ရာစုတွင် ကျယ်ပြန့်လာခဲ့သည်။ ခရစ်နှစ် ၁၆၂၈ ခုနှစ်မှ ၁၆၄၄ ခုနှစ်ထိ တရုတ်နိုင်ငံ မင်မင်းဆက်၏ နောက်ဆုံးဧကရာဇ် ချန်ချင်လက်ထက်တွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ချိန်မှစ၍ ဘိန်းသုံးစွဲမှုစတင်ခဲ့သည်ဟု ဆိုကြသည်။

ဗြိတိသျှနယ်ချဲ့တို့သည် ၎င်းတို့၏ကိုလိုနီဖြစ်သည့်အိန္ဒိယနိုင်ငံတွင် ဘိန်းအကြီးအကျယ် စိုက်ပျိုးစေခဲ့ပြီး ထိုမှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချခဲ့သည်။ တရုတ်ပြည်တွင် သမိုင်းတွင်ခဲ့သည့် ဘိန်းစစ်ပွဲကြီးသည် နယ်ချဲ့တို့၏ လူမျိုးပျက်ပြုန်းဖိနှိပ်ရေးနည်းဗျူဟာတစ်ရပ်ဖြစ်သည်။ တရုတ်ပြည်တွင် ၁၉ ရာစုတစ်လျှောက်လုံးဖြစ်ပွားခဲ့သည့် ဘိန်းပြဿနာသည် ၂၀ ရာစု၌ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့လာခဲ့သည်။ ကမ္ဘာပေါ်တွင် ဘိန်းကုန်ကူးခြင်းကို ဗြိတိသျှတို့က စတင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကုန်းဘောင်ခေတ်ဦးပိုင်းက အိန္ဒိယနိုင်ငံမှတစ်ဆင့် ဘိန်းများရောက်ရှိလာကြောင်းနှင့် ဘိုးတော်ဘုရားလက်ထက်တွင် စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။ နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာတိုင်းရင်းသားများအား ဘိန်းစားခြင်း၊ ဘိန်းအသုံးပြုခြင်းကို မတားမြစ်ခဲ့သည့်အပြင် ၁၈၅၆ ခုနှစ်နှင့် ၁၈၅၇ ခုနှစ်များတွင် ဘိန်းနှင့် ဆေးခြောက်များကို အကောက်လွတ်စေခဲ့ပြီး ၁၈၆၀ ပြည့်နှစ်တွင် မြို့ကြီးများ၌ ဘိန်းလိုင်စင်များ ထုတ်ပေးခဲ့သည်။

ဘိန်းသည် မနာကျင်စေဘဲ မူးယစ်မိန်းမောစေသည့်သတ္တိရှိခြင်းကြောင့် ရှေးခေတ်က ထိုးကွင်းမင်ကြောင်ထိုးသူအချို့သည် ဘိန်းစားပြီး ဆေးမင်ကြောင်ထိုးခဲ့ကြရာမှ ဘိန်းစတင်သုံးစွဲခဲ့ကြသည်။ ၁၈၇၄ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့ထုတ် မြန်မာသံတော်ဆင့်သတင်းစာ၏ ခေါင်းကြီးပိုင်းတွင် ဘိန်းအန္တရာယ်ကို မတားမြစ်ခဲ့သည့် နယ်ချဲ့အစိုးရကို ရှုတ်ချအပြစ်တင်ရေးသားခဲ့သည်။

ယခင်က မူးယစ်ဆေးဝါးတစ်မျိုးဖြစ်သည့် ဘိန်းဖြူကို အမှုန့်အဖြစ် ထုတ်လုပ်ကြသည်။ ဘိန်းဖြူမှုန့်ကို စီးကရက်တွင်ထည့်၍ အငွေ့ကို ရှူရှိုက်ခြင်း၊ အရည်ဖျော်၍ ဆေးထိုးအပ်ဖြင့် သွေးကြောအတွင်း ထိုးသွင်းခြင်းတို့ဖြင့် အသုံးပြုကြသည်။ ယခုအခါ မူးယစ်ဆေးဝါးများကို အမှုန့်အဖြစ်သာမက ဆေးပြား၊ အရည်စသည့်ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်လာကြသည်။ ယခုအခါ ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်များအပြင် WY၊ ICE၊ Happy Water၊ Katamine (K)၊ Ecstasy (E) စသည့် မူးယစ်ဆေးဝါးများကို ထုတ်လုပ်ရောင်းချ သုံးစွဲလာကြသည်။

ယနေ့ခေတ်စားနေသည့်ဟက်ပီးဝါးတားသည် အမှုန့်အဖြစ် ထုတ်လုပ်ထားသော်လည်း ထိုအမှုန့်ကို ရေ၊ အချိုရည်၊ ဘီယာများတွင် ထည့်သွင်းသုံးစွဲကြသည်။ ဟက်ပီးဝါးတားတွင် အက်တစီ၊ ကတ်တမင်း၊ မက်သာဖက်တမင်း၊ ထရာမဒေါလ်၊ ဒိုင်ယာစီပင်နှင့် ကဖင်းစသည့်ပစ္စည်းများ ထည့်သွင်းထုတ်လုပ်ထားရာ သုံးစွဲလိုက်ပါက အချိန်တိုအတွင်း ပေါ့ပါးလန်းဆန်း၍ စိတ်ပျော်ရွှင်လာကာ ကခုန်လိုစိတ်များ ဖြစ်ပေါ်လာသည်။ လူငယ်အချို့သည် ဆေးဝါးရရှိနိုင်သည့် နိုက်ကလပ်၊ ကေတီဗွီ၊ ကာရာအိုကေဆိုင်များသို့ သွားရောက်ပြီး ဟက်ပီးဝါးတားနှင့် အချိုရည်၊ ဘီယာတို့ ရောစပ်သုံးစွဲကာ သီဆိုကခုန်ပျော်ပါးကြသည်။

မည်သည့်မူးယစ်ဆေးဝါးမဆို အစလုပ်၍ သုံးစွဲမိပါက စွဲလမ်းသွားတတ်ပြီး နောက်ပိုင်း၌မသုံးရလျှင် မနေနိုင်သည့်အဆင့်သို့ ရောက်ရှိသွားတတ်သည်။ မူးယစ်ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တများ ထိခိုက်ပျက်စီးကြရသည်။ မူးယစ်ဆေးသုံးစွဲခြင်းသည် လမ်းမှား၏ ခရီးအစဖြစ်ပြီး လမ်းအဆုံးတွင် ခန္ဓာကိုယ်ရော ဦးနှောက်ပါ ထိခိုက်ပျက်စီးကြရသည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာများ ထိခိုက်ဆုံးရှုံးကြရသည်။

စိတ်ပိုင်းဆိုင်ရာတွင် စိတ်ကျရောဂါ၊ စိတ်ကျန်းမာရေးရောဂါ၊ မှတ်ဉာဏ်ချို့ယွင်းမှု၊ စိတ်ခံတတ်ကျဆင်းမှု၊ မိသားစုစိတ်ခံတတ်လျော့နည်းမှု၊ လိင်စိတ်အားနည်းမှု၊ ပြင်းထန်စွာစိုးရိမ်ကြောင့်ကြမှုများကို ခံစားရတတ်သည်။

ကိုယ်ခန္ဓာပိုင်းဆိုင်ရာတွင် အသက်ရှူနှုန်း၊ နှလုံးခုန်နှုန်းမြန်ဆန်ခြင်း၊ အာရုံကြောထိခိုက်ခြင်း၊ အနာစိမ်းများပေါက်ခြင်း၊ အိပ်ပျော်သတိမေ့ခြင်း၊ သွေးဆိပ်တက်ခြင်း၊ အတက်ရောဂါ၊ အဆုတ်ရောဂါ၊ သွေးကြောပိတ်ရောဂါနှင့် ခုခံအားကျဆင်းမှုရောဂါတို့ ခံစားရတတ်သည်။

လူမှုရေးဆိုင်ရာတွင် ပတ်ဝန်းကျင်၌ သိက္ခာကျဆင်းခြင်း၊ ယုံကြည်မှု၊ အားထားမှု၊ အားကိုးမှု၊ လေးစားမှုများလျော့ကျခြင်း၊ မိသားစုအတွင်း ပြဿနာဖြစ်မှု၊ ရာဇဝတ်ပြစ်မှုများကျူးလွန်မှု၊ လူမှုပတ်ဝန်းကျင်တွင် အန္တရာယ်ဖြစ်မှု၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည်တို့ ထိခိုက်မှုများဖြစ်တတ်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲရခြင်း အကြောင်းရင်းများကို လေ့လာရာတွင် (၁) စူးစမ်းလိုခြင်း၊ စမ်းသပ်လိုခြင်း၊ (၂) မူးယစ်ဆေးဝါးသုံးစွဲသူများ၏ဆွဲဆောင်စည်းရုံးမှုခံရခြင်း၊ (၃) အပေါင်းအသင်းအပေါ် အထင်ကြီးအားကျခြင်း၊ (၄) အပေါင်းအသင်းနှင့် အသိုက်အဝန်းမှခွဲထွက်ရန် ခက်ခဲခြင်း၊ (၅) မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဗဟုသုတနည်းပါးခြင်း၊ (၆) ပင်ကိုဗီဇညံ့ဖျင်းသည့် ကိုယ်ရည်ကိုယ်သွေးရှိခြင်း၊ (၇) လူမှုရေးပြဿနာများရှိခြင်း၊ (၈) မိသားစုအတွင်း ဆက်ဆံရေးမပြေလည်ခြင်းနှင့် (၉) စိတ်လေလွင့်၍ အပေါင်းအသင်းများ၏ ဆွဲဆောင်မှုခံရခြင်းတို့ကြောင့်ဖြစ်သည်။

> **မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မိတ်ဖွဲ့မှုကို ရှောင်ကြဉ်ခြင်း၊ မည်သည့်မူးယစ်ဆေးကိုမှ စမ်းသပ်သည့်သဘောဖြင့် မသုံးစွဲမိရန် လိုအပ်ခြင်း၊ တစ်ခါတစ်ရံသုံးစွဲရုံဖြင့် ဆေးမစွဲနိုင်ဟုမယူဆဘဲ သုံးစွဲမှုမပြုခြင်း၊ ပြဿနာတစ်ခုခုကြောင့် စိတ်ညစ်၍ မူးယစ်ဆေးသုံးပြီး ဖြေရှင်းမှုမပြုခြင်း၊ ရောဂါတစ်ခုခုအတွက် သုံးစွဲရပါက တတ်ကျွမ်းသည့်ဆရာဝန်၏ ညွှန်ကြားချက်မှလွဲ၍ မည်သည့်မူးယစ်ဆေးကိုမှ အသုံးမပြုခြင်း စသည်တို့ကို လိုက်နာကြရန်လိုအပ်**

ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မိတ်ဖွဲ့မှုကိုရှောင်ကြဉ်ခြင်း၊ မည်သည့်မူးယစ်ဆေးကိုမှ စမ်းသပ်သည့်သဘောဖြင့် မသုံးစွဲမိရန်လိုအပ်ခြင်း၊ တစ်ခါတစ်ရံ သုံးစွဲရုံဖြင့် ဆေးမစွဲနိုင်ဟုမယူဆဘဲ သုံးစွဲမှုမပြုခြင်း၊ ပြဿနာတစ်ခုခုကြောင့် စိတ်ညစ်၍ မူးယစ်ဆေးသုံးပြီး ဖြေရှင်းမှုမပြုခြင်း၊ ရောဂါတစ်ခုခုအတွက် သုံးစွဲရပါက တတ်ကျွမ်းသည့် ဆရာဝန်၏ ညွှန်ကြားချက်မှလွဲ၍ မည်သည့်မူးယစ်ဆေးကိုမှ အသုံးမပြုခြင်း စသည်တို့ကို လိုက်နာကြရန် လိုအပ်ပါသည်။

### မူးယစ်ဆေးဝါး တားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်

မူးယစ်ဆေးဝါးပြဿနာသည် လူတစ်ဦး၊ လူတစ်စု၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု၏ အရေးတစ်ခုသာမဟုတ်ဘဲ လူသားအားလုံး၏အရေးဖြစ်သည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က အစိုးရများသည် မူးယစ်ဆေးဝါး တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၄၈ ခုနှစ်တွင် ဘိန်းစုံစမ်းရေးကော်မရှင်ဖွဲ့စည်း၍ ပြည်သူများ၏သဘောထားခံယူခဲ့သည်မှ အစပြုကာ ပါလီမန်ခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ခေတ်မှ ယနေ့ကာလတိုင်အောင် ခေတ်အဆက်ဆက်တွင် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာဥပဒေများ သတ်မှတ်ပြဋ္ဌာန်းဆောင်ရွက်ပေးခဲ့ကြသည်။

၁၉၇၄ ခုနှစ်မှစတင်၍ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ပြည်နယ်နှင့် တိုင်းများတွင်လည်း ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအတွက် စစ်ဆင်ရေးကြီးများကို အသက်၊ သွေး၊ ချွေးများစွာ စတေး၍ဆင်နွှဲခဲ့ကြသည်။ ၁၉၉၉ - ၂၀၀၀ ပြည့်နှစ်မှစ၍ (၁) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ (၂) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးဟူသည့် မဟာဗျူဟာနှစ်ရပ်ချမှတ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင်(၁) ထုတ်လုပ်မှုပပျောက်ရေး၊ (၂) သုံးစွဲမှုပပျောက်ရေး၊ (၃) တားဆီးနှိမ်နင်းရေး စသည့် နည်းဗျူဟာသုံးရပ် ချမှတ်ဆောင်ရွက်ခဲ့သည်။ ဘိန်းအဓိကစိုက်ပျိုးသည့်ဒေသများဖြစ်သည့် ရှမ်းပြည်နယ်မှ မြို့နယ် ၄၀၊ ကချင်ပြည်နယ်မှ ခြောက်မြို့နယ်၊ ကယားပြည်နယ်မှ သုံးမြို့နယ်နှင့် ချင်းပြည်နယ်မှ နှစ်မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်တွင် နည်းဗျူဟာသုံးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။

၁၉၉၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး (ဗဟို) အဖွဲ့ကို ဖွဲ့စည်း၍ ပြည်နယ်နှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့်များထိ ဖွဲ့စည်းကာ မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။ နှစ်စဉ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်စာပေပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲများ ကျင်းပပေးခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ မူးယစ်ဆေးစွဲကုဌာနကြီး ၂၆ ခု၊ ဌာနငယ် ၄၇ ခု၊ လူငယ်ပြုစုပျိုးထောင်ရေးဌာနနှစ်ခု ဖွဲ့စည်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၁၇ / ၂၀၂၅ ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။

မူးယစ်ဆေးဝါးသည် လူငယ်များအပါအဝင် လူသားအားလုံး၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တနှင့် ယဉ်ကျေးမှုနယ်ပယ်များကို ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း အဟန့်အတားဖြစ်စေပါသည်။

အချုပ်အားဖြင့် မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားမျိုးနွယ်အားလုံးအတွက် ကြီးမားသည့် ရန်စွယ်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသားမိဘပြည်သူများက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များတွင် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ကြခြင်းသည် နိုင်ငံတော်အတွက် မြင့်မြတ်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ မိဘပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်ပယ်ဖျက်ရန်အတွက် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားနိုင်ကြပါရန် တိုက်တွန်းရင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ကိုးကား –**

- **ဒေါက်တာအုန်းမောင်၏ မူးယစ်ဆေးဝါးအန္တရာယ် ( ၁၉၇၄ ခုနှစ် )**
- **မူးယစ်ဆေးဝါးနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ စီမံချက်စာစောင်**
- **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ သတင်းစကားစာစောင် (၂၀၂၃ ခုနှစ် )**
- **နေ့စဉ်ထုတ်သတင်းစာများ**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဇွန် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ခွာညိုပန်းအဝိုင်းအနီးရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနပိုင် ဝါးနှင့် သစ်စေးစိုက်ပျိုးရေး စီမံကိန်းမြေနေရာ အကွက်အမှတ်(၂၀)အတွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက အမှာစကားပြောကြားပြီး ဦးစီးဌာနအလိုက် ဝန်ထမ်းများက သစ်စေးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ခရိုင်/မြို့နယ်များစုပေါင်း၍ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရွှေပေး-ရှားစေးဖို ကျေးရွာချင်းဆက်လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ၌ အရိပ်ရပင်များဖြစ်သည့် သစ်ဖြူ(စစ်)ပင်၊ ကုက္ကိုပင်၊ ကျွန်းပင်၊ စိန်ပန်းပင်၊ ပိတောက်ပင်၊ မဲဇလီပင်၊ ကံ့ကော်ပင်နှင့် ခရေပင် စုစုပေါင်းပျိုးပင် ၄၁၃ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေး အသိပညာပေးရှင်းလင်း



**နေပြည်တော် ဇွန် ၂၂**

အခွန်ဆိုင်ရာ အသိပညာ တိုးတက်ရေးနှင့် အခွန်တာဝန် လေးစားလိုက်နာမှု တိုးတက်ရေး အသိပညာပေး ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံသူ နိုင်ငံသားများ၏ အခွန်ယဉ်ကျေးမှု(Tax Culture) ဖြစ်ထွန်းခိုင်မာစေရန်၊ အခွန်ဆိုင်ရာတာဝန်များကို လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်နှင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းဖြင့် ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ဘဏ္ဍာငွေသို့ ပွင့်လင်းမြင်သာစွာ ရောက်ရှိနိုင်သည်ကို သိရှိစေရန် ရည်ရွယ်ချက်ဖြင့် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် တက်ရောက်လာကြသူများက အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# မြန်အောင်မြို့နယ်၌ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာပေးအပ်ပွဲ ကျင်းပ

**မြန်အောင် ဇွန် ၂၂**

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ်တွင် သွင်းအားစုလုပ်ငန်းရှင်များက မိုးစပါးစိုက်ပျိုးသည့်တောင်သူများအားသွင်းအားစုဓာတ်မြေဩဇာပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မျှင်ဝါးတောင်ကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အမှာစကား ပြောကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သော သွင်းအားစုလုပ်ငန်းရှင် ဦးအောင်ကျော်ဇင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်း အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မျှင်ဝါးတောင်၊ ဘန့်ဘွေးကုန်း၊ စမ်းရွာကြီး၊ ငါးဘတ်ကျ၊ လက်ပံကွင်း၊ မရွေးကုန်းကျေးရွာခြောက်အုပ်စုမှ တောင်သူ ၃၅၀ တို့အား ဩဘာယူရီးယားအိတ်နှင့် ဖြိုးမောက်ယူရီးယားအိတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရော့ဦးသာ**



# မြန်မာအမျိုးသမီးများနေ့အကြို မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၂**

၂၀၂၆ ခုနှစ်မြန်မာအမျိုးသမီးများနေ့အကြို မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ် လေယာဉ်ကွင်းရေဝေရေလဲဒေသအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ သရက်၊ ပိန္နဲ စသည့်အပင် စုစုပေါင်း ၁၆၂၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည့် ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ကြီးမှူးကျင်းပသော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဇီးဖြူကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ဇီးဖြူကွင်း)၌ ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ ပုသိမ်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့် တာဝန်ရှိသူများက အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ကြား ကျောင်းသား ကျောင်းသူ ၂၀၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးနိုင်ရေး လုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)





# ဟဲဟိုးမြို့ အောင်သိဒ္ဓိအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း(လီမိတက်) အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ကလော ဇွန် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ အောင်သိဒ္ဓိ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း (လီမိတက်) ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၉ ရက် နံနက်ပိုင်းက သမဝါယမအသင်း တည်းခိုရိပ်သာ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ မြို့နယ်သမဝါယမအသင်းစု (လီမိတက်)ဥက္ကဋ္ဌ သဘာပတိ ဦးအေးမောင်က အမှာစကားပြောကြားသည်။

ထို့နောက် သဘာပတိက အသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်း၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းအမှုဆောင်၏ တင်ပြမှုအမှာစာများကို အသင်းဝင်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားရယူ၍ အတည်ပြု ကြေညာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို မကွေးမြို့ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် မိုးနှမ်းအထွက်တိုးစံပြကွက် အောင်မြင်ဖြစ်ထွန်းမှု ကြည့်ရှုအားပေး

မကွေး ဇွန် ၂၂

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်သော Kaung Ka Group Co., Ltd ၏ အခွံချွတ်နှမ်း၊ သန့်စင်ပြီးနှမ်း၊ နှမ်းလှော်မှုန့်၊ နှမ်းဆီမွှေး၊ သန့်စင်ပြီးပဲမျိုးစုံ၊ သန့်စင်ပြီးပြောင်းနှင့် နေကြာဆီများ ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းကို သွားရောက် ကြည့်ရှုအားပေးသည်။



ထို့နောက် မကွေးမြို့နယ် သပြေစမ်းကျေးရွာ တောင်သူ ဦးဇော်ကြီး၏ မိုးနှမ်းအထွက် တိုးစံပြကွက် ဧက ၂၀ ကို ကြည့်ရှုပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများကို လိုက်နာ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

## တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝမြေသြဇာ ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်



အင်္ဂပူ ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝမြေသြဇာပြုလုပ်နည်း သင်တန်းဖွင့်လှစ်ခဲ့သည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေသြဇာ ပြုလုပ်နည်းများအား နှစ်ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## လသာမြို့နယ်၌ မျက်စိကုသမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၅)၌ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား မျက်စိကွင်းဆင်း စစ်ဆေးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စီးပွားရေး ဘဏ်မန်နေဂျာ ဦးကျော်ဇင်ဦး ဦးဆောင်၍ လသာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ (၅) မန်နေဂျာ ဒေါ်နွယ်လေးနိုင်နှင့် ဘဏ်ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (Pfizer) ထိုးနှံပေးခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**နေလင်း(ပြန်/ဆက်)**

## မြေထိန်းနံရံမြှင့်တင်ခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်းပြီးစီးမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



ရေး ဇွန် ၂၂

မွန်ပြည်နယ် ရေးမြို့နယ်အနေဖြင့် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် ရန်ကြီးအောင်ရပ်ကွက်ရှိ ကျုံးပတ်လမ်း ကျောက်စီမြေထိန်းနံရံမြှင့်တင်ခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်းစနစ်တကျ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးလွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်ဦးနှင့် အဖွဲ့တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

## ကျိုက်ထိုမြို့နယ် ကုန်ထုတ်လမ်းတံတား လုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

ကျိုက်ထို ဇွန် ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုက္ခမူကျေးရွာ၌ ကုန်ထုတ်လမ်းတံတားလုပ်ငန်း ဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်ထိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်စိုး၊ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းချမ်းထေးနှင့် ဝန်ထမ်းများက မုက္ခမူကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၁၉၈၀ တစ်လမ်း၊ pipe culvert နှစ်စင်း ဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

**သုတ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၂၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“နိုင်ငံရဲ့ဖွံ့ဖြိုးမှု ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုတွေကို ဖျက်ဆီးနေတဲ့ ပညာမတတ် အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် **“ပိုမိုတိုးတက်လာသော သံတမန်လမ်းကြောင်းနှင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းတိုးတက်ရေး အနာဂတ်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**



ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို ဇွန် ၁၉ ရက်တွင် ရွှေဘိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ထွန်းနိုင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစဉ်။

အောင်ထွန်းခိုင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့၌ သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ဇွန် ၂၂ ရက်က စူဠာမဏိလယ်ကွင်းဘုရား ပတ်ဝန်းကျင်နှင့် မိုင်းနောင်တပ်နယ်များတွင် (ပထမအကြိမ်)စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကိုကျင်းပရာ စုစုပေါင်းပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။

မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မီးသတ်ဦးစီးဌာနက ရေဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခြင်းကို ဇွန် ၂၁ ရက်က ဈေးချိုမြောက်ရပ်ကွက် စည်ပင်ကန်၌ ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

## PDF အမည်ခံ အကြမ်းဖက်သမားများက ရေစကြိုမြို့နယ် ဖူလုံကျေးရွာရှိ စာသင်ကျောင်းအတွင်းသို့ Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်



ရေစကြိုမြို့နယ် ဖူလုံကျေးရွာ အထက၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ Drop bomb ချတိုက်ခိုက်ခဲ့၍ ကျရောက်ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၂၂

အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိကြသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဖူလုံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ဖူလုံ) အား Drop Bomb များဖြင့် အကြောင်းမဲ့ ပစ်ချတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ကျောင်းဝင်းအပြင်ဘက် မျက်နှာစာနေရာတွင် ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါဗုံးသီး ကျရောက် ပေါက်ကွဲခဲ့ခြင်းကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယခုကဲ့သို့စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေသည့် ပညာရေးဆိုင်ရာ အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဝေါမြို့နယ်၌ ကရင်ပြည်နယ်သို့ သယ်ဆောင်သည့် ငွေကျပ် ၆၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅ တန်ကျော်နှင့် စိတ်ကြွဆေးပြား ခြောက်သန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၂

ဝေါမြို့နယ်တွင် ကရင်ပြည်နယ်သို့ သယ်ဆောင်သည့် ငွေကျပ် ၆၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅ တန်ကျော်နှင့် စိတ်ကြွဆေးပြား ခြောက်သန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ယာဉ်မောင်း စိုင်းမောင်မောင်မောင်းနှင်ပြီး မြတ်နိုးအောင် လိုက်ပါလာသည့် FAN အမျိုးအစား ၂၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ဒေသတန်ဖိုးငွေကျပ် ၆၂ ဒသမ ဝ၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅၁ တန်၊ စိတ်ကြွဆေးပြား ၆ ဒသမ ၁၅ သန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူ မြတ်နိုးအောင်နှင့် စိုင်းမောင်မောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ပျဉ်းမနားမြို့နယ်မှ ဘားအံသို့ သယ်ဆောင်ခိုင်းသူမှာ တောင်ငူမြို့ ထီးလှိုင်(၁)ရပ်ကွက်နေ အောင်ဇေယျဖြိုး(ခ) ကျော်သူရ(ခ) သူရ(ခ)ကြက်ခေါင်း(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အမျိုးသမီးငယ်ကို တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက အစစအရာရာ အဆင်ပြေကြောင်း လိမ်လည်စည်းရုံးပြောဆိုကာ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၂၂

အမျိုးသမီးငယ်ကို တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက အစစအရာရာအဆင်ပြေကြောင်း လိမ်လည်စည်းရုံးပြောဆိုကာ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ်(၇) ရပ်ကွက်နေ မ---(၂၄)နှစ် သည် ခင်မင်ရင်းနှီးသူ မဝတ်ရည်စိုး(ခ) အငယ်မ(လိပ်စာတူ)ထံ အလုပ်လုပ်ကိုင်လိုကြောင်းပြောကြားရာ လာအိုနိုင်ငံရှိ တရုတ်သူဌေးထံတွင် အငှားကိုယ်ဝန်ဆောင်ပေးလျှင် အေးအေးဆေးဆေးနေနိုင်မည်ဖြစ်ကြောင်း လိမ်လည်စည်းရုံးပြောဆိုသဖြင့် အမျိုးသမီးငယ်မှ သဘောတူခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အမျိုးသမီးငယ်အား တာချီလိတ်မြို့မှတစ်ဆင့် လာအိုနိုင်ငံသို့ပို့ဆောင်ခဲ့ရာ အဆင်မပြေသဖြင့် ကျိုင်းတုံမြို့သို့ပြန်လာခဲ့ကြောင်း။

ထို့နောက် မဝတ်ရည်စိုး(ခ)အငယ်မမှ တရုတ်နိုင်ငံရှိ နားကြပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် တရုတ်ယွမ် ၄၅၀၀ ခန့် ရမည်၊ အစစအရာရာအဆင်ပြေမည်ဟု ထပ်မံလိမ်လည်စည်းရုံးပြောဆိုခဲ့ပြီး ကျိုင်းတုံမြို့အနီးရှိ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံ ခန့်နန်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသားနှစ်ဦးထံတွင် တရုတ်ဇနီးမယားအဖြစ် အဆင့်ဆင့်ရောင်းစားခံခဲ့ရသော်လည်း အခကြေးငွေရရှိခြင်းမရှိခဲ့ကြောင်း၊ ဒုတိယတရုတ်အမျိုးသားနှင့် ပေါင်းသင်းနေထိုင်စဉ် တရုတ်ရဲတပ်ဖွဲ့မှ ရောက်ရှိစစ်ဆေးခဲ့ရာ တရုတ်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုဖြင့် ကိုးလခန့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရောက်ရှိခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(နေပြည်တော်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ လယ်ဝေးမြို့မရဲစခန်း(ပ)၂၁၇/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်တွင် လယ်ဝေးခရိုင်တရားရုံးမှ မဝတ်ရည်စိုး(ခ) အငယ်မအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇွန် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Wutt Hmone Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကြိုးကြာကျေးရွာနေ ဝတ်မှုံဦးအား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ထုံးဘိုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းလှမြို့၌ လူငယ်များဗလငါးတန်နှင့် ပြည့်စုံစေရေး လူငယ်စကားဝိုင်း ကျင်းပ

မင်းလှ ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို အထက(သရက်တပင်) ပညာရတနာခန်းမ၌ ဇွန် ၁၉ ရက်က ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ချိုတို့က အမှာစကားများပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Grade-11 ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြရာ တတ်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**



ကရင်ပြည်နယ် မြဝတီမြို့ မဲကနယ်ကျေးရွာအုပ်စုရှိ မြဝတီမြို့နယ်ကုန်သွယ်ရေးဇုန်တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပရာ မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးစဉ်။ ဆောင်းနှင်းဖြူ(ပြန်/ဆက်)

## ကျိုက်ထိုမြို့နယ်၌ မီးသတ်ပညာသင်တန်းဖွင့်

ကျိုက်ထို ဇွန် ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာန၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကျိုက်ထိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးရဲညွန့်ထွေးက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့် သင်တန်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

**ပညာရှွေအိုး လူမခိုး၊ ပညာရဲရင့် ပွဲလယ်တင့်**

❖ ကျောဖုံးမှ

တော်ရွက်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၅၉ ဦးတို့အား ဖုန်းမျိုးစုံ အလုံး ၂၀၀၊ All In One ကွန်ပျူတာ ၁၀ လုံး၊ Latop ငါးလုံး၊ ဆိုင်ကယ်မျိုးစုံ ၁၀ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့် အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံး ပစ္စည်းများအား လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၅၉ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံနှင့် လုပ်ငန်းလုပ်ကိုင်သည့်အခန်းကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သည့် မြန်မာနိုင်ငံသား အမျိုးသမီး ၁၀ ဦးကို တွေ့ရစဉ်။

☆ ရန်ကုန်တိုင်းဒေသကြီးမှ

ယင်းမသမာမှုဖြစ်စဉ်ကြောင့် လျှပ်စစ်ဓာတ်အား ၃၀၁၄၃၄ ယူနစ် နစ်နာဆုံးရှုံးခဲ့ရသဖြင့် နစ်နာဆုံးရှုံးမှုအတွက် ဓာတ်အားခလျော်ကြေး၊ ဒဏ်ကြေး ငွေကျပ် ၁၅၁၀၁၇၂၆၀ ကို ဇွန် ၁၉ ရက်တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ ပေးဆောင်စေခဲ့ပြီး မီတာအားချက်ချင်းဖြုတ်သိမ်း၍ လျှပ်စစ်ဓာတ်အားကို မသမာသောနည်းဖြင့် ရယူသုံးစွဲထားသည့် လုပ်ငန်းရှင်အား လျှပ်စစ်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် မှော်ဘီမြို့နယ် မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အပြင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနေမှုများကို Control Center မှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့သွားရောက်ပြီး တရားမဝင် ဓာတ်အားသုံးစွဲမှုများကို စုံစမ်းဖော်ထုတ်အရေးယူခြင်း၊ ပြည်သူများ၏ တိကျစွာသတင်းပေးတိုင်ကြားလာမှုများအပေါ် ထိရောက်စွာစစ်ဆေး အရေးယူဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အားယူနစ်ပျောက်ဆုံးမှု (Losses) လျော့နည်းကျဆင်းစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းသို့ ဓာတ်အားခိုးယူသုံးစွဲမှုများအား ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်သည်။ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား မသမာသုံးစွဲမှုများနှင့် ပတ်သက်၍ တိကျစွာသတင်းပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့က ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ် ဦးလှမော်နှင့် ဆရာ ဆရာမများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေငန်းရောဂါ၊ ထုံနာ၊ ကျဉ်နာစသည့်ရောဂါများကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဒေးဒရဲမြို့၌ ပြည်သူများ ပြင်ပဗဟုသုတတိုးပွားစေရေး အသိပညာပေးဟောပြော

**ဒေးဒရဲ ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ ပြည်သူများ အသိပညာဗဟုသုတများ ပိုမိုတိုးပွားစေရန်ရည်ရွယ်၍ ဖျာပုံခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ အသိပညာပေးဟောပြောခြင်းကို ဇွန် ၂၀ ရက်က အမှတ် (၂) ရပ်ကွက် မင်္ဂလာကံကျောင်းတိုက် သာစုနယတန်ဆောင်းတော်ကြီး၌ ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် ဖျာပုံခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ်များနှင့် ဆိုးကျိုးများ၊ တရားမဝင်လူကုန်ကူးမှုများ မဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပြစ်မှုကျူးလွန်ပါက ချမှတ်ခံရမည့်ပြစ်ဒဏ်များ၊ အိမ်တွင်းအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုနှင့် ကျားမတန်းတူညီမျှမှု မရှိခြင်းကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်မှု အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **အေဇာလင်း**

## ပင်လောင်းမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေး သင်တန်းဖွင့်

**ပင်လောင်း ဇွန် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)တို့ ပူးပေါင်းဖွင့်လှစ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်သန်းက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ တောင်ကြီးမြို့ရုံးခွဲမှ ဒေါ်နန်းထားထားမေက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သီးနှံအထွက်နှုန်းကို မထိခိုက်စေသည့် ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်သောနည်းလမ်းများ၊ ကော်ဖီနှင့် အခြားနှစ်ရှည်ပင်များ စိုက်ပျိုးထိန်းသိမ်းနည်းများ၊ ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေသည့် သီးနှံစိုက်ပျိုးထုတ်လုပ်နည်းများ လက်တွေ့သရုပ်ပြသခြင်းကို စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းနှင့် ဝန်ထမ်းများ၊ ပျိုးဥယျာဉ်ခြံမှ ခြံဦးစီးမှူးတို့က နှစ်ရက်တာသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ခရိုင်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို တောချောင်းကျေးရွာအုပ်စု ရှမ်းစုကျေးရွာ၌ ဇွန် ၂၂ ရက် နံနက် ၈ နာရီကပြုလုပ်ရာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် တာဝန်ရှိသူများက စုစုပေါင်းသစ်ပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။**

နေဝင်းမြင့်(ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက်က တပြေးကျေးရွာ ထန်းတပင်–ဇရပ်ကြီးသွား ကားလမ်းဘေး ဝဲ / ယာ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့ နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူတို့က ပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)

# အိုဘယ့် မိခင် ဧရာဝတီ (၆)

## တယော (ရေသယံဇာတ)

**ဥရောပရှိ မြစ်ကြီးနှစ်စင်းမှ အတုယူစရာများ**

မြစ်ကြောင်းထိန်းသိမ်းရေးအကြောင်း ပြောမည်ဆိုလျှင် ဥရောပ၏ မြစ်များဖြစ်သည့် ရိုင်းမြစ်(Rhine River) နှင့် ဒနူးဘ်မြစ်(Danube) တို့၏ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် မိမိတို့နိုင်ငံအတွက် စံနမူနာယူဖွယ်ရာများဖြစ်သည်။

ရိုင်းမြစ်သည် ဥရောပ၏ အရေးပါဆုံးသော အပြည်ပြည်ဆိုင်ရာ မြစ်များထဲမှ တစ်ခုဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ အဲလ်ပ်စ်(Alps) တောင်တန်းများမှစတင် မြစ်ဖျားခံလာပြီး ဆွစ်ဇာလန်၊ လစ်ချင်စတိုင်၊ ဂျာမနီ၊ ပြင်သစ်နှင့် နယ်သာလန် စသည့်နိုင်ငံများကို ဖြတ်သန်းစီးဆင်းကာ မြောက်ပင်လယ်(North Sea)ထဲသို့ စီးဝင်ပါသည်။ မြစ်ကြီး၏ အရှည်မှာ ကီလိုမီတာ ၁၂၃၀ ခန့်ရှိကာ ရေစီးဆင်းမှုအားကောင်းပြီး နှစ်ပတ်လည်မပြတ် ရေစီးဆင်းနိုင်သော မြစ်တစ်စင်းလည်းဖြစ်သည်။

ထို့ပြင် ဥရောပ၏ အကြီးဆုံးရေကြောင်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းဟု တင်စားခေါ်ဝေါ်နိုင်ပြီး စက်မှုဇုန်များ၊ ဘေဆယ်၊ စတားဘတ်၊ ကိုလုံးနှင့် ရိုစတာဒမ် စသော ဆိပ်ကမ်းမြို့များကို ချိတ်ဆက်ပေးထားသည်။ ထို့ပြင် မြစ်ကြီးကို ရေအားလျှပ်စစ် ထုတ်လုပ်မှုအတွက်လည်း အသုံးချသကဲ့သို့ စိုက်ပျိုးရေးနှင့် သောက်သုံးရေအရင်းအမြစ်အဖြစ်ပါ အသုံးပြုကြသည်။ ထို့ကြောင့် ရိုင်းမြစ်သည် နိုင်ငံများစွာ ဖြတ်သန်းစီးဆင်းသည့် မြစ်တစ်စင်းဖြစ်သောကြောင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းထိန်းသိမ်းမှုကို အထူးအလေးထား လုပ်ဆောင်ထားသည်။

၁၉ ရာစုအစပိုင်းတွင် Johann Gottfried Tulla က ရိုင်းမြစ်အထက်ပိုင်းကို ပြုပြင်ခြင်းများ စတင်ခဲ့သည်။ မြစ်လမ်းကြောင်းကိုဖြောင့်ခြင်း၊ မြစ်ကမ်းပါးများကို မြေကာနံရံများ တည်ဆောက်ခဲ့ခြင်းများကြောင့် ရေစီးနှုန်းမြင့်တက်လာခြင်း၊ မြစ်ကြမ်းပြင်ကျိုးပေါက်ခြင်းနှင့် ရေလွှမ်းမိုးလေ့ရှိသော မြေပြန့်လွင်ပြင်ဒေသ၏ သစ်ပင်များ၊ မြေ၏ အရည်အသွေးနှင့် ရေနှင့်ဆက်နွှယ်သောသက်ရှိများ၏ လုပ်ဆောင်မှုများ အားနည်းလာခြင်းတို့ ဖြစ်ပွားခဲ့သည်။ ထိုလုပ်ဆောင်ချက်အမှားများကို သင်ခန်းစာယူကာ ၁၉၈၀-၁၉၉၀ ပြည့်နှစ်ကာလများတွင် Rhine Action Programme ကို စတင်ခဲ့ပြီး မြစ်အတွင်း အညစ်အကြေးစွန့်ထုတ်မှုကို ထိန်းသိမ်းကာ ရေအရည်အသွေးကို တိုးတက်လာစေရန် ပြန်လည်လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထို့ပြင် ရာသီအလိုက် ရွှေ့ပြောင်းသွားလာ ကျက်စားတတ်သော ငါးမျိုးစိတ်များကို နေရာပြန်လည်ချထားမွေးမြူခြင်း စသည်ဖြင့် Ecological rehabilitation များကို လုပ်ဆောင်ခဲ့ပါသည်။

ရေတားတမံများကို နေရာပြောင်းရွှေ့တည်ဆောက်ခြင်း၊ ရေလွှမ်းမိုးဧရိယာနှင့် ရေသိုလှောင်ဧရိယာတို့ကို ဖန်တီးခြင်းများ စတင်လုပ်ဆောင်ခဲ့သည်။ ရေတားတမံငယ်များ တည်ဆောက်ထားသဖြင့် ရေကြီးချိန်တွင် ရေသိုလှောင်ထိန်းညှိနိုင်ရန် ပြင်ဆင်လာခဲ့ကြသည်။ မြစ်ကြောင်းတိုက်ရိုက်တိုးဝှေ့မှုမဖြစ်စေရန် မြစ်ကမ်းပါးများကို ကာကွယ်ရန် ရေစီးကိုဖြတ်ထိုးထားသောအဆောက်အအုံနှင့် မြေကာနံရံများကို ထည့်သွင်းတည်ဆောက်လာခဲ့ကြသည်။ ရေကြောင်းသယ်ယူ ပို့ဆောင်ရေးအတွက် သင်္ဘောကြီးများ သွားလာနိုင်ရေး လိုအပ်သော ရေစူးအနက် ထိန်းညှိခြင်းများ ပြုလုပ်ထားပါသည်။

> **❛ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါဆုံးသော မြစ်ကြီးတစ်စင်းဖြစ်ပါသည်။ ထိုမြစ်သည် နိုင်ငံ၏မြောက်ဘက်မှ တောင်ဘက်သို့ ရှည်လျားစွာ စီးဆင်းသွားပြီး မြန်မာပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုဖွံ့ဖြိုးရေးတို့အတွက် အခြေခံအင်အားတစ်ရပ်အဖြစ် တည်ရှိနေပါသည်။ ထို့ကြောင့် ဧရာဝတီမြစ်ကို သာမန်သဘာဝရေအရင်းအမြစ်အဖြစ်သာမက နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခြေခံအုတ်မြစ်တစ်ခုအဖြစ် ရှုမြင်သင့်❜**

ရိုင်းမြစ်ကြီးသည် အပြည်ပြည်ဆိုင်ရာမြစ်ကြီးဖြစ်သည့်အတွက် International Commission for the Protection of the Rhine (ICPR)ကို တည်ထောင်ပြီး အဓိကရည်ရွယ်ချက်များဖြစ်သော ရေအရည်အသွေး မြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်နှင့် လူသားများ၏ ဘေးအန္တရာယ် လျှော့ချခြင်းနှင့် ရေကြီးရေလျှံမှု စီမံခန့်ခွဲရေးများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေပါသည်။ ထို့ပြင် ရိုင်းမြစ်နှင့် ၎င်း၏ မြစ်လက်တက်များပေါ်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၂၄ ရုံရှိပြီး စုစုပေါင်းတပ်ဆင်ထားသည့် စက်တပ်ဆင်အင်အားသည် မဂ္ဂါဝပ် ၂၂၀၀ အထက်ရှိသည်ဟု သတင်းအရင်းအမြစ်များက ဖော်ပြထားသည်။ နှစ်ပေါင်း ၁၀၀ ကျော် ထိန်းသိမ်းလာသည့် ရိုင်းမြစ်၏ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းစဉ်များ၊ တည်ဆောက်ရေးနည်းစနစ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် အမှားသင်ခန်းစာများသည် မိမိတို့နိုင်ငံရှိ ဧရာဝတီမြစ်ကြီး ရေရှည်တည်တံ့ရေးလုပ်ငန်းစဉ်များအတွက် အတုယူရပေမည်။

ဒနူးဘ် (Danube) မြစ်သည် ရုရှားနိုင်ငံ၏ ဗော်လ်ဂါမြစ်ပြီးနောက် ဥရောပ၏ ဒုတိယအရှည်ဆုံးမြစ်ဖြစ်ပါသည်။ ဂျာမနီနိုင်ငံ Black Forest တောင်တန်းများမှ အစပြုခဲ့ပြီး ပင်လယ်နက်(Black Sea)ထဲသို့ စီးဝင်ပါသည်။ ဥရောပအလယ်ပိုင်းမှ အရှေ့ပိုင်းသို့ အနောက်မှ အရှေ့စီးဆင်းသည့် တစ်ခုတည်းသော အကြီးမားဆုံးမြစ်တစ်စင်းဖြစ်ပြီး ဂျာမနီ၊ ဩစတြီးယား၊ ဆလိုဗက်ကီးယား၊ ဟန်ဂေရီ၊ ခရိုအေးရှား၊ ဆားဗီးယား၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား၊ မော်လ်ဒိုဗာနှင့် ယူကရိန်းတို့ကို ဖြတ်သန်းစီးဆင်းသောကြောင့် ဒနူးဘ်မြစ်ကို အရေးပါဆုံးသော အပြည်ပြည်ဆိုင်ရာမြစ်ဟု ခေါ်ကြသည်။

မြစ်အရှည်မှာ ကီလိုမီတာ ၂၈၅၀ ခန့်ရှိပြီး ရေဆင်းဧရိယာမှာ စတုရန်းကီလိုမီတာ ၈၀၀၀၀၀ ကျော်ရှိပါသည်။ ဥရောပတွင် လူဦးရေ အများဆုံး အားထားရသော မြစ်ဝှမ်းတစ်ခုလည်း ဖြစ်ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတစ်ခုလည်း ဖြစ်သကဲ့သို့ စိုက်ပျိုးရေး၊ ရေပေးဝေရေး၊ သောက်သုံးရေရင်းမြစ်နှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးတို့အတွက် အားထားရသော မြစ်ကြီးလည်းဖြစ်သည်။ ရေအားလျှပ်စစ်စီမံကိန်းများအနေဖြင့် ဒနူးဘ်မြစ်ဝှမ်း (Danube Basin)တွင် တမံပေါင်း ၅၉၄ ခုနှင့် ထုတ်လုပ်နိုင်စွမ်းအား စုစုပေါင်း မဂ္ဂါဝပ် ၂၉၂၀၀ ရှိမည်ဟု ခန့်မှန်းထားကြသည်။

ထိုမျှများပြားသော စီမံကိန်းများထဲမှာ Iron Gate I Hydroelectric Power Station သည် ဒနူးဘ်မြစ်ပေါ်တွင် တည်ရှိသော အကြီးဆုံး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖြစ်ပါသည်။ တပ်ဆင်စက်အင်အား ၂၃၇၁ ဒသမ ၈ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှာ ရိုမေးနီးယားနိုင်ငံက ၅ ဒသမ ၂၄ TWh နှင့် ဆားဗီးယားနိုင်ငံက ၅ ဒသမ ၆၅ TWh ရရှိကြသည်။ ထို့ပြင် Iron Gate II Hydroelectric Power Station ကို Iron Gate I ၏ နောက်တွဲစီမံကိန်းအဖြစ် အကောင်အထည်ဖော်ကြကာ စက်တပ်ဆင်အင်အား ၅၉၁ မဂ္ဂါဝပ်ရှိပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ရိုမေးနီးယားနိုင်ငံက ၃၂၁ မဂ္ဂါဝပ်နှင့် ဆားဗီးယားနိုင်ငံက မဂ္ဂါဝပ် ၂၇၀ ထပ်မံရရှိကြပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ၂ ဒသမ ၆ TWh အထိ ထပ်တိုးထုတ်လုပ်နိုင်ခဲ့သည်။ ဂျာမနီနိုင်ငံ၏ Danube Hydropower Group သည် ဒနူးဘ်မြစ်ပေါ်တွင် run-of-river plants ၁၃ ခုဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၂၂၆ မဂ္ဂါဝပ် တပ်ဆင်ထားပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ၁၄၀၀ GWh အထိထုတ်လုပ်နိုင်ခဲ့သည်။

ဒနူးဘ်မြစ်သည် နိုင်ငံ ၁၀ နိုင်ငံကို ဖြတ်သန်းစီးဆင်းသောကြောင့် ပူးပေါင်းစီမံခန့်ခွဲမှုကို အခြေပြု၍ မြစ်ကြောင်းထိန်းသိမ်းရေးကို အဓိကထားဆောင်ရွက်ထားပါသည်။ ထို့ကြောင့် International Commission for the Protection of the Danube River (ICPDR) ကို တည်ထောင်ပြီး ရေအရည်အသွေး ထိန်းသိမ်းရေး၊ ရေကြီးရေလျှံမှု ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့ကြသည်။ ရေကြီးရေလျှံမှုထိန်းချုပ်ရေးအတွက် ရေတားတမံများ တည်ဆောက်ကာ ရေသိုလှောင်ဧရိယာများ ဖန်တီးသကဲ့သို့ ရေလွှမ်းမိုးဧရိယာများကို သဘာဝအတိုင်း အသုံးချနိုင်ရန် ထိန်းညှိလုပ်ဆောင်ကြသည်။

မြစ်ကြောင်းပြုပြင်ထိန်းသိမ်းမှုနှင့် သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်စေရေးအတွက် လိုအပ်သောရေစူးအနက်ရရှိစေရန် မြစ်ကြောင်းတူးဖော်မှုကြောင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး ပိုမိုလွယ်ကူကောင်းမွန်သင့်လျော်စေခဲ့သည်။ ဤဒနူးဘ်မြစ်ကြီးသည် စီးပွားရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်၊ လူမှုစီးပွားဘဝတို့ကို တစ်ပြိုင်နက်တည်း ညှိနှိုင်းစီမံခန့်ခွဲရသော အပြည်ပြည်ဆိုင်ရာ မြစ်ကြီးတစ်စင်းဖြစ်သကဲ့သို့ ယင်း၏မြစ်ကြောင်း ဖွံ့ဖြိုးရေးနှင့် မြစ်ဝှမ်းဒေသဖွံ့ဖြိုးရေးသည် မိမိတို့နိုင်ငံနှင့် မိခင်ဧရာဝတီမြစ်ကြီးအတွက် စံနမူနာယူရမည့် စီမံချက်များစွာရှိနေပါသည်။

ဘယ်သူတွေ တကယ်ချစ်သလဲ၊
ဘယ်သူတွေမှာ တာဝန်ရှိသလဲ

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါဆုံးသော မြစ်ကြီးတစ်စင်းဖြစ်ပါသည်။ ထိုမြစ်သည် နိုင်ငံ၏ မြောက်ဘက်မှ တောင်ဘက်သို့ ရှည်လျားစွာ စီးဆင်းသွားပြီး မြန်မာပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုဖွံ့ဖြိုးရေးတို့အတွက် အခြေခံအင်အားတစ်ရပ်အဖြစ် တည်ရှိနေပါသည်။ ထို့ကြောင့် ဧရာဝတီမြစ်ကို သာမန်သဘာဝ ရေအရင်းအမြစ်အဖြစ်သာမက နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခြေခံအုတ်မြစ်တစ်ခုအဖြစ် ရှုမြင်သင့်ပါသည်။

သမိုင်းအမြင်ဖြင့် ကြည့်လျှင် ဧရာဝတီမြစ်သည် မြန်မာ့ယဉ်ကျေးမှုထွန်းကားရာ လမ်းကြောင်းတစ်ခုဖြစ်ပါသည်။ ပုဂံခေတ်မှစ၍ အင်းဝ၊ အမရပူရ၊ မန္တလေး အစရှိသည့် မြို့တော်များသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိခဲ့ကြပါသည်။ ဤအချက်ကြောင့် ဧရာဝတီမြစ်သည် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဗဟိုအဖြစ် အရေးပါခဲ့ကြောင်း ဖော်ပြနေပါသည်။

ထို့ကြောင့် ဧရာဝတီမြစ်သည် သဘာဝအမွေအနှစ်သာမက ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်လည်း ဖြစ်ပါသည်။ ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် အဓိကအရေးပါသည့် မြစ်ကြီးတစ်စင်းဖြစ်ပြီး အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ဆန်ထုတ်လုပ်မှု အများဆုံးဒေသဖြစ်ပြီး နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးကို အဓိက ထောက်ပံ့ပေးနေပါသည်။

ဖွံ့ဖြိုးရေးစီမံကိန်းအမြင်ဖြင့်ကြည့်လျှင် ဧရာဝတီမြစ်ရေကို စနစ်တကျစီမံခန့်ခွဲအသုံးချခြင်းအားဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှုကို မြှင့်တင်နိုင်ပြီး ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို အထောက်အကူပြုနိုင်ပါသည်။ ထို့အတွက် ရေလှောင်တမံများ၊ ရေထိန်းကန်များ၊ ရေပေးမြောင်းစနစ်များကို သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစွာ ဖော်ဆောင်ရေးသည်လည်း အရေးကြီးပါသည်။ ထို့ပြင် ဧရာဝတီမြစ်သည် မြန်မာနိုင်ငံအတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် အရေးပါဆုံးသော လမ်းကြောင်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သေးသည့်ဒေသများတွင် မြစ်ကြောင်းဖြင့် ကုန်စည်နှင့် လူများကို သယ်ယူပို့ဆောင်ပေးသော အသက်သွေးကြောတစ်ခုအဖြစ် ရှိနေပါသည်။

ဧရာဝတီမြစ်ကို အခြေခံသော Port-based Development နှင့် River Transport Corridor Development များကို အကောင်အထည်ဖော်နိုင်ပါက စီးပွားရေးအတွက် ကုန်စည်သယ်ယူမှုကုန်ကျစရိတ်လျှော့ချခြင်း၊ ဒေသတွင်း စီးပွားရေးများ တိုးတက်လာခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ပါသည်။ ။

# အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုအားကစားကလပ်အသင်းများ လှုပ်ရှားမှုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အားကစား လှုပ်ရှားမှုကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ အသက် ၂၀ အောက် ဂျူဒိုအားကစား ကလပ်အသင်းများ လှုပ်ရှားမှုပြိုင်ပွဲကို တောင်ဥက္ကလာပ မြို့နယ် ပဒေသာအားကစားကွင်း၌ ဇွန် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသည်။




ပြိုင်ပွဲတွင် ပဒေသာ ကလပ်အသင်း၊ အမျိုးသား ရေကူးကန်ကလပ်အသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (YC) ကလပ်အသင်း၊ YG JUDO ကလပ်အသင်း၊ KAIZEN JUDO TEAM ကလပ်အသင်း၊ GOLD- EN TIGER ကလပ်အသင်း၊ SAN HTOO ကလပ်အသင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကလင်အသင်း၊ ကြည့်မြင်တိုင် KMDE DOJO ကလပ်အသင်း၊ မြောင်းမြကလပ်အသင်း စုစုပေါင်း ကလပ်အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အမျိုးသား အကောင်းဆုံးဆုကို ၃၂ ကီလိုတန်းမှ မောင်ကောင်းကင်မင်းဆက် (အမျိုးသားရေကူးကန် ဂျူဒိုကလပ်အသင်း)၊ အမျိုးသမီး အကောင်းဆုံးဆုကို ၄၁ ကီလိုတန်းမှ မအိချစ်စုစံ (YG ကလပ်အသင်း) တို့အား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ပြိုင်ပွဲတွင် ကလပ်အသင်း ကိုးသင်းမှ အားကစားသမား အမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၁၀၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသားဝိတ်တန်း ၁၂ တန်း၊ အမျိုးသမီး ဝိတ်တန်း ကိုးတန်း စုစုပေါင်း ၂၁ တန်း ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**စောလှိုင်ဝင်း**



# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် နပန်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် နပန်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသား(– 45Kg )၊ (– 48Kg )၊ (– 51Kg )၊ (– 53 Kg )၊ (– 55 Kg )၊ (– 60 Kg) ပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆုနှင့် ပူးတွဲတတိယဆုရရှိသူများ၊ အမျိုးသမီး ( –34 Kg )၊ ( – 36 Kg )၊ ( – 38 Kg )၊ (– 40 Kg )၊ (– 43 Kg )၊ (– 46 Kg )၊ (– 49 Kg )၊ (– 50 Kg )၊ (– 53 Kg )၊ (– 57 Kg ) တန်းပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆုနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဆန်း၊ ရန်ကုန်တိုင်းနပန်း ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်မြင့်ဦး၊ အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်သီတာမွန်နှင့် အမှုဆောင်များက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဗလ

# မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိမြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ (၂၀၂၅–၂၀၂၆) ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၀ ရက် နံနက်ပိုင်းက မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးညွန့်ဝေက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အလုံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချယ်ရီအေးက ဧည့်သည်တော်အဖြစ် တက်ရောက်ပြီး သမဝါယမလုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် အသင်း၏ အမှုဆောင်အဖွဲ့က အသင်း၏လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အသင်းသားများ၏ အကျိုးခံစားခွင့်ဖြစ်သော အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ခုံကြီးကျေးရွာအုပ်စု မြောက်မြန်အောင်ကြိုးဝိုင်း အကွက်အမှတ်(၂၄)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက်က ပြုလုပ်ရာ မြို့နယ်သစ်တောဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်း ဦးဆောင်၍ ဘိနယ်မြေအသီးသီးမှ တောခေါင်း၊ တောကြပ်နှင့် ဝန်ထမ်းများ၊ ခုံကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းဆွေဦးနှင့် ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

ဖြိုးဝေလင်း(ပြန်/ဆက်)



# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၂

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၏ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်က အမှာစကားပြောကြားခြင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းလှိုင်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခြင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာဗဟုသုတများ ရှင်းလင်းဆွေးနွေးခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးအောင်**

ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက်က ဘုရားဦးပေါက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ဘုရားဦးပေါက်) တွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများက ပျိုးပင်ပေါင်း ၄၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

မြို့နယ်(ပြန်/ဆက်)



**✳ မြန်မာအမျိုးသမီးမှ**

ထို့ကြောင့် လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့ပြီး တစ်မိနစ်အကြာတွင် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ဂိုးရကာ စုစုကြည်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲ၏ အကောင်းဆုံးကစားသမားဆု (AYA Pay Player of the Match) ကို ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည့် ဇင်မိုးပြည့်ကရရှိပြီး နှစ်ပွဲဆက်တိုက် ရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ဖွဲ့ကပင်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ပွဲဦးထွက် အနိုင်ရထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး အား/ကာသိပ္ပံအသင်းက နိုင်ပွဲဆက်ကာ နှစ်ပွဲဆက် နိုင်ပွဲရယူခဲ့သည်။ ပွဲအစ လေးမိနစ်မှာပင် အား/ကာသိပ္ပံအသင်းက ရွှေရည်ထွန်း သွင်းယူသည့်ဂိုးဖြင့် အဖွင့်ဂိုးရရှိခဲ့ပြီး ကျန်အနိုင်ဂိုးများကို ၇၆ မိနစ်တွင် မီမီဇင်၊ ၈၉ မိနစ်တွင် မိုးပွင့်ဖြူတို့က သွင်းယူခဲ့သည်။ ယခုပွဲ၏ အကောင်းဆုံးကစားသမားဆု (AYA Pay Player of the Match) ကို အား/ကာသိပ္ပံကွင်းလယ်ကစားသမား မီမီဇင်က ရရှိသည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို ဇွန် ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်မြို့ ကိုးသိန်းကွင်း၌ ဧရာဝတီအသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MWL**

**✣ စပိန်အသင်း**

စပိန်အသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးယာမယ်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့တဲ့ အသက် ၁၈ နှစ်အရွယ် ကစားသမားတွေထဲမှာ ဒုတိယမြောက် ကစားသမားဖြစ်လာခဲ့ပါတယ်။

အီဂျစ်အသင်းကတော့ ကမ္ဘာ့ဖလားအုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် နယူးဇီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အီဂျစ်အသင်းအတွက် သွင်းဂိုးတွေကို မိုစတာဖာဇီကိုက တစ်ဂိုး၊ မိုဟာမက် ဆာလာက တစ်ဂိုးနဲ့ ထရီဇီဂက်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ပြီး နယူးဇီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ဆာမန်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အီဂျစ်အသင်းဟာ နယူးဇီလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့်နှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် လေးမှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဇွန် ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ကမ္ဘာ့ဖလားအုပ်စုအဆင့်ပွဲစဉ်တွေမှာတော့ ဘယ်လ်ဂျီယံအသင်းနဲ့ အီရန်အသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ဥရုဂွေးအသင်းနဲ့ ကိတ်ဗာဒီအသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# အများသိစေရန် အသိပေးကြေညာခြင်း

TV360 by Mytel သည် FIFA World Cup 2026 ပြိုင်ပွဲ၏ တရားဝင်သီးသန့် ထုတ်လွှင့်ပြသခွင့်မူပိုင်ခွင့် (Official Exclusive Broadcasting Rights) ကို မြန်မာနိုင်ငံအတွင်း ဥပဒေနှင့်အညီ ရရှိထားသည့် တစ်ဦးတည်းသော တရားဝင်မီဒီယာပလက်ဖောင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ TV360 by Mytel ၏ ခွင့်ပြုချက်မရှိဘဲ FIFA World Cup 2026 နှင့် သက်ဆိုင်သည့် မည်သည့်အကြောင်းအရာကိုမဆို ကူးယူခြင်း၊ မျှဝေခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပြန်လည်ထုတ်လွှင့်ခြင်း၊ ပြန်လည်တင်ပြခြင်း (Re-uploading)၊ ဖြန့်ဝေခြင်း၊ တိုက်ရိုက်ထုတ် လွှင့်ခြင်း (Live streaming)၊ ပွားယူခြင်း၊ လူထုအား ပြသခြင်း၊ အများပြည်သူကြည့်ရှုရန် စီစဉ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ပြန်လည်ကူးယူ ထုတ်လွှင့်ခြင်း၊ ဆက်သွယ်ဖော်ပြခြင်း သို့မဟုတ် စီးပွားဖြစ် ပြုလုပ်သုံးစွဲခြင်းများအား တင်းကြပ်စွာ တားမြစ်ထားပါသည်။

အဆိုပါ တားမြစ်ချက်များတွင် ပွဲစဉ်ဗီဒီယိုများ၊ ပွဲစဉ်တိုက်ရိုက်ထုတ်လွှင့်မှုများ၊ ပွဲစဉ်အကျဉ်းချုပ် (Highlights) များ၊ ဗီဒီယိုကလစ်များနှင့် ကောက်နုတ်ချက်များ၊ အသံနှင့် ရုပ်သံလိုင်းများ၊ ပွဲစဉ်ရုပ်သံ မှတ်တမ်းများ၊ TV360 by Mytel မှ ထုတ်လွှင့်သော အချက်ပြလိုင်းများနှင့် အစီအစဉ်အကြောင်းအရာများ၊ တရားဝင် Graphic များ၊ ရုပ်ပုံများနှင့် ၎င်းနှင့်ဆက်စပ်နေသော မည်သည့်အကြောင်းအရာ ကိုမဆို လူမှုကွန်ရက်စာမျက်နှာများ၊ ဝက်ဘ်ဆိုက်များ၊ OTT ပလက်ဖောင်းများ၊ မိုဘိုင်းအက်ပလီကေးရှင်းများ၊ Facebook စာမျက်နှာများ၊ YouTube ချန်နယ်များနှင့် မီဒီယာချန်နယ်များ အပါအဝင် မည်သည့်ပလက်ဖောင်းပေါ်တွင်မဆို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း၊ လုပ်ငန်း၊ မီဒီယာ သို့မဟုတ် ပလက်ဖောင်း အစရှိသည့် ပြုလုပ်သုံးစွဲခြင်းများအား တင်းကြပ်စွာ တားမြစ်ပါသည်။

ထို့အပြင် TV360 by Mytel မှ ထုတ်လွှင့်ပြသနေသော မည်သည့်ထုတ်လွှင့်မှုအချက်ပြလိုင်းများ၊ ရုပ်သံပိုင်ဆိုင်မှုများ၊ အသံလိုင်းများ၊ ပွဲစဉ်ရုပ်သံမှတ်တမ်းများ သို့မဟုတ် တရားဝင်အကြောင်းအရာများကို ပြင်ပပလက်ဖောင်းများ (Third-party platforms) ပေါ်တွင် ခွင့်ပြုချက်မရှိဘဲ မှတ်တမ်းတင်ခြင်း၊ Screen capturing၊ Screen recording၊ ပြန်လည်တင်ပြခြင်း၊ ပြန်လည်ထုတ်လွှင့်ခြင်း သို့မဟုတ် ပြန်လည်ဖြန့်ဝေခြင်းတို့ကိုလည်း တင်းကြပ်စွာ တားမြစ်ထားပါသည်။

TV360 by Mytel ၏ သီးသန့်ထုတ်လွှင့်ခွင့်နှင့် မူပိုင်ခွင့်အကျိုးစီးပွားများကို ထိခိုက်စေမည့် အထက်ဖော်ပြပါ အကြောင်းအရာများကို ချိုးဖောက်ခဲ့ပါက မြန်မာနိုင်ငံ၏ တည်ဆဲမူပိုင်ခွင့်ဥပဒေများ၊ ဆက်သွယ်ရေးဥပဒေများ၊ ဆိုက်ဘာဥပဒေများ၊ နည်းဥပဒေများနှင့် နိုင်ငံတကာဥပဒေဘောင်များနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း FIFA World Cup 2026 အကြောင်းအရာများကို ထုတ်လွှင့်ခြင်း၊ ဖြန့်ဝေခြင်းနှင့် စီးပွားဖြစ်အသုံးချခြင်းတို့နှင့်ပတ်သက်၍ ရပိုင်ခွင့်အားလုံးကို TV360 by Mytel တစ်ဦးတည်းကသာလျှင် Exclusive partner အဖြစ် အပြည့်အဝ လက်ဝယ်ပိုင်ဆိုင်ထားကြောင်းအသိပေးအပ်ပါသည်။

**TV360 by Mytel**
**Official Exclusive Broadcaster of World Cup 2026**

Google Play | App Store

---

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၇၃၅၊ မြေအကျယ်အဝန်း(၄၀x၆၀) ပေရှိသည့်နှစ်(၆၀)မြေငှားဂရန် မြေကွက်ကြီးအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ (မြေကွက်အမှတ်-၇၃၆ နှင့် ကပ်လျက်) မြေအကျယ်အဝန်း(၃၀x၆၀)ပေရှိသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၃၅)၊ မာန်ပြေ(၁၄)လမ်း၊ (၃/မာန်ပြေ) ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့၏ မြေအမည်ပေါက်များဖြစ်ကြသည့် ဒေါ်စန်းစန်းမြင့်[၁၂/သကတ(နိုင်)၀၄၅၅၅၅၅]၊ ဦးထွန်းမြိုင်[၁၂/သကတ(နိုင်)၀၃၃၇၇၂]၊ ဦးမြင့်သိန်း[၁၂/သကတ(နိုင်)၀၄၅၄၇၅]တို့ထံမှ တစ်ဆင့်ဝယ်ယူခဲ့သည့် ဦးဇော်ဇော်အောင် [၁၂/ရကန(နိုင်)၀၅၈၉၂၉] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်ဇော်မြင့်နှင့် ဒေါ်ထွေးထွေးဝင်းတို့မှဝယ်ယူရန် သဘောတူညီပါ သောကြောင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ မည်သူမဆို ယခုအရောင်းအဝယ်သဘောတူညီချက်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း(မူရင်း) အထောက်အထားအပြည့်အစုံဖြင့်ကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ် အထမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးရဲမာန်ဖိုလ်(LL.B) | ဒေါ်နီလာခင်(LL.B, D.B.L) |
|---|---|
| အထက်တန်းရှေ့နေ(စဉ်-၅၅၃၁/၂၀၂၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၁/၂၀၁၄) |
| (Ph-၀၉-၂၅၄၃၄၆၂၃၄) | (Ph-၀၉-၂၅၂၆၄၀၀၂၄) |

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅၊ မြေကွက်အမှတ်-၁၀၈၁၊ ၀.၀၅၅ ဧက၊ မြေကွက်တည်နေရာအမှတ်-(၁၀၈၁)၊ ရွှေဘိုလမ်းနှင့် နတ်မောက်လမ်းထောင့်၊ ၅၅-ရပ်ကွက်၊ ဒဂုံတောင် ဦးမိုဟာမက်အီဘရာဟင် [၁၂/ပဘတ(နိုင်)၀၀၈၇၉၂] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမိုဟာမက်အီဘရာဟင် (ခင်ပွန်း/ဖခင်)ဖြစ်သူသည် (၂၁-၉-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ရာစူ(လ်) ဘီဘီ [၁၂/ပဘတ(နိုင်)၀၀၈၀၇၂]နှင့် သားသမီး (၃) ဦးဖြစ်သူ (၁) ဦးဇော်မင်းဦး [၁၂/ပဘတ (နိုင်) ၀၂၇၈၅၆]၊ (၂) ဦးဇော်မင်းထူး [၁၂/ပဘတ(နိုင် ၀၂၇၈၅၈]၊ (၃) ဒေါ်မြသီတာ [၁၂/ပဘတ(နိုင်)၀၃၁၂၆၄]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးနှင့် သားသမီးများဖြစ်ကြောင်း၊ အခြားသော ဇနီး/သားသမီးများလည်း တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကွယ်လွန်သူ ဦးမိုဟာမက်အီဘရာဟင်သည် အစ္စလာမ်ဘာသာကိုးကွယ်သူဖြစ်သော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့၏ ပိုင်ဆိုင်ခွင့်အစုစုအသီးသီးအား အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့(၄)ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကတိသစ္စာပြုလွှာ အမှတ်-၁၃၂၀၆ (၃၀-၁၀-၂၀၂၅)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကတိသစ္စာပြုလွှာနှစ်စောင်၊ ခင်ပွန်း/ဖခင် သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အဦမရှိ မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ မြေနေရာပြသ၍ ဒေါ်ရာစူ(လ်)ဘီဘီနှင့် ဒေါ်မြသီတာတို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်မြသီတာ+၃တို့၏ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊ မြေကွက်အမှတ်(၆၀၉)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်မီမီခိုင်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အား လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်မြင့်မြင့်သိန်း [၁၂/ဥကတ(နိုင်)၀၃၀၅၂၅]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်သော်တာထွန်း [၇/ပမန(နိုင်)၁၁၄၂၁၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်သော်တာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL-101 WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(UE-1တိုးချဲ့)၊ BM(၁)လမ်း၊ မြေကွက်အမှတ်(၄၉၈)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးကျော်အေးအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၁၀x၆၀)ပေ ပါမစ်မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာပါဝင်သော နေအိမ်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ဝင်းဝင်းခိုင်[၁၄/ဟသတ(နိုင်)၀၀၂၀၇၄]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးနိုင်လင်း [၇/သကန(နိုင်)၀၉၈၂၆၁]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL-101 WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

---

**"ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗေယျာလမ်း၊ တိုက်အမှတ်(၅၄၆)၊ (၂)ခန်းတွဲ (၈-ထပ်)တိုက်၏ ပထမထပ်(၂-လွှာ-ဘီ)၊ (တိုက်ကိုလမ်းမှမျက်နှာမူလျှင်ဘယ်ခြမ်း) အကျယ်အဝန်း (၁၇ပေx၅၄ပေ)ရှိ တိုက်ခန်းကို ဝယ်ယူမည်ဖြစ်သဖြင့် ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါလျှင် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"**

အထက်ပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကန်ထရိုက်တာ ဦးမြင့်အောင်(တော်ဝင်အောင်မြန်မာဆောက်လုပ်ရေးထံမှ ကြိုပွိုင့်စနစ်ဖြင့် (၂-၁-၂၀၂၅)မှ စတင်ဝယ်ယူထားပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လက်ရှိထား ပိုင်ဆိုင်ကြောင်း၊ မိမိတို့(၂-ဦး)တွင်သာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ယခု ဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့မရှိကြောင်း ဝန်ခံကတိပြုရောင်းသူများဖြစ်သည့် ၁။ ဦးကျော်သူ[၁၂/ဒဂန(နိုင်)၀၂၇၆၅၈]၊ ၂။ ဒေါ်အေးအေးမြင့်[၁၂/လသန(နိုင်)၀၂၀၂၄၃] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူလိုသဖြင့် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသောကြောင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ယင်းတိုက်ခန်းနှင့် သက်ဆိုင်အကျိုး ခံစားခွင့်ရှိသူဖြစ်ပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း လာရောက်တွေ့ဆုံ ကန့်ကွက်မှုမရှိပါက ဝယ်ယူသည့်ကိစ္စကို နှစ်ဖက် သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးရူပါမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ LL.B D.I.L, Dip in Eng အထက်တန်းရှေ့နေ(စဉ်-၄၂၈၉၉)**
**အမှတ်(၂၇)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**09-972734996, 09-881181988**

---

**"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆယ်တော်လမ်း၊ မြေကွက်အမှတ် (၉၁၆/က)၊ ဧရိယာ(၀.၀၂၇၅)ဧက၊ မြေအကျယ် (၂၀'x ၆၀')ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"**

အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူက လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်း ရောင်းချပိုင်ခွင့်နှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းနည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတို့သာဖြစ်ကြောင်း၊ မိမိတို့၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဒေါ်ဇင်မာဝင်း[၁၂/အစန(နိုင်)၁၈၁၄၉၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချသူသည် ၎င်း၏သဘောဆန္ဒဖြင့် ရောင်းချ ပိုင်ခွင့်ရှိသူ မဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ (LL.B, D.I.L, Dip in Eng)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**09-972734996, 09-881181988**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၁၉၉)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ ခတ်လေ့ကားပါ (၈)ထပ်တိုက်၏ သတ္တမထပ်၊ (၈-လွှာ/အေ)၊ (ခေါင်းရင်းခန်း/ တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်အခန်း)၊ အကျယ်အဝန်း(၁၅x ၆၀)ပေရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် မြေရှင် ဒေါ်သန်းစန်းဝေ၊ ဒေါ်ကြည်ကြည်စိန် တို့ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ဝင်းမြင့်(ခ) ဒေါ်ဆုရတနာနွယ် [၇/ပခန(နိုင်)၁၈၁၂၃၆]အား ကျွန်ုပ်၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀(က)၊ မြေကွက်အမှတ်-၄၉(က)ဟုခေါ်တွင်သည့် ဦးစောထွန်း [၁၂/တမန(နိုင်)၀၇၈၃၁၄] အမည်ပေါက် (၂၂ ပေx၆၀ ပေ) အကျယ်အဝန်းရှိသည့် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသည့် အဆောက်အဦတို့အား တရားဝင်အမည်ပေါက် ပိုင်ရှင်ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းမြအုန်း [၁၂/မဂတ(နိုင်)၀၈၈၆၆၂] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးဝေထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၃)**
**အမှတ်-၁၄/ ၅-လွှာ၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၂၈၀၁၆၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၊ ရွာသာယာကျေးရွာ၊ (မြောက်ပိုင်း)၊ အမှတ်(၁၂၂)ရှိ မြေကွက်နှင့် အိမ်ခြံမြေအကျိုးခံစားခွင့်ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းညွှန့် (အဖ)ဦးဖြူထီး မှတ်ပုံတင်အမှတ် [၈/မဘန(နိုင်)၀၅၂၀၃၉] ကိုင်ဆောင်သူထံမှ ဦးမင်းထက်အောင် မှတ်ပုံတင်အမှတ် [၈/မဘန(နိုင်)၂၁၇၈၀၇] ကိုင်ဆောင်သူက အပိုင်ဝယ်ယူပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါအိမ်ခြံမြေကွက်နှင့် အရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက် အရောင်းအဝယ်သည် အတည်ဖြစ်ပြီးဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်း B.Sc (Che:)HON:,H.G.P,RL**
**အထက်တန်းရှေ့နေ (စဉ်-၁၂၃၁၉/၂၅-၅-၁၉၈၅)**
**အမှတ်(၁၃၈)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၇)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**Ph: 09-420302129, 09-447373335**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ မာလာလမ်းသွယ်၊ အမှတ် (၆/၇) တွင် ဆောက်လုပ်ထားသော (၂) ခြမ်းခွဲတိုက်၏ အမှတ် (၆/ခ) ဘက်ခြမ်းတွင်ရှိသော (၁၅x၃၀) ပေအကျယ်ရှိ ဒုတိယထပ် (ခေါင်းရင်းခန်း)၊ အခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပါ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်လင်းလင်း [၁/ဗမန(နိုင်)၀၆၅၂၅၈] မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ ဥပဒေနှင့်အညီ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ကြောင်း အပြီးအပိုင် ရောင်းချရန် ဝန်ခံကတိပြု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းထွေး [၁၁/ရဗန (နိုင်)၀၇၈၁၈၀] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချသည့်တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ချယ်ရီအောင်(LL.B, D.M.L)** | **ဒေါ်ဝင်းဝင်းရီ(LL.B, LL.M, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၂၉၂)** | **အထက်တန်းရှေ့နေ (စဉ်-၃၈၁၂၀)** |

**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၅၁၆၅၉၉၆၂၊ ၀၉-၉၅၀၇၈၃၅၃၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်သန္တာဦး၏ သား မောင်ဇော်ဝဏ္ဏထူး [၁၂/မဂဒ(နိုင်)၂၁၃၅၉၁]သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲ အောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာဦး [၁၂/မဂဒ(နိုင်)၁၄၃၃၆၇]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ် (၅၀၂)၊ မြေကွက်တည်နေရာအမှတ်-အမှတ် (၅၀၂)၊ ရွှေဝါထွန်းလမ်း၊ ( ၄၅ ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးတင်လှိုင် [၁၂/တမန (နိုင်) ၀၀၆၈၁၇] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်လှိုင် [၁၂/တမန(နိုင်)၀၀၆၈၁၇] မြေကွက်အား အမည်ပေါက် (ခင်ပွန်း) ဦးတင်လှိုင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်စိုး [၁၂/ကမတ(နိုင်)၀၁၂၀၀၈] မှ ၎င်းသည်သာ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောဇနီး၊ မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း။ ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်းလွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ စိန်နဂါးအိမ်ရာ၊ တိုက်အမှတ် (၆၉) နောက်ဘက်တိုက်၊ တိုက်(၂)၊ အခန်း (၆)၊ (၁၅x၅၅)ပေ အကျယ်အဝန်းရှိ မြေညီထပ်တိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်ရွှေ [၁၂/လမန(နိုင်) ၁၂၂၉၄၃]၊ သမီးများဖြစ်သော ယော်ခင်ခင် [၁၂/လမန(ဧည့်)၀၀၀၂၉၄]နှင့် ယော်ကြင်ကြင် [၁၂/လမန(ဧည့်)၀၀၀၂၈၃]တို့ထံမှ ဒေါ်ခင်ချွန် [၁၂/လမန(နိုင်)၀၆၁၄၃၄] နှင့် ဒေါ်နှင်းနှင်းအေး [၁၂/လမန(နိုင်)၁၂၀၆၁၄] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချွန် နှင့် ဒေါ်နှင်းနှင်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀/၂၂-၁၁-၂၀၁၂)**
**တိုက် (၅)၊ အခန်း (၀၀၈)၊ အေးရိပ်မွန် (၉)လမ်း။ (၅)ရပ်ကွက်၊**
**လှိုင်မြို့နယ်။ ဖုန်း ၀၉-၅၁၈၁၈၂၀၊ ၀၉-၇၅၄၇၁၆၀၃၈**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ သောင်ကြီးမြောက်၊ (၁၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၁၄၅/ခ)နေထိုင်သူ ဒေါ်အေးအေးသန်း လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကွယ်လွန်သူ ဒေါ်သန်းသန်းရီ (ခ) ဒေါ်သန်းသန်းငွေ၏ ဝယ်ယူပိုင်ဆိုင်ခဲ့သော အမှတ်(၂၃၅)၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဇောတိကလမ်းရှိ နေအိမ်မြေကွက်အား ရောင်းချပြီး အမှတ်(၄၅၉/ခ)၊ ဇမ္ဗူလလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ မြေကွက် (၁၀'x၆၀') နှင့် (၁)ထပ်တိုက်အား ဝယ်ယူပိုင်ဆိုင်သောပါရင်းပစ္စည်းဖြစ်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ခင်ပွန်းဖြစ်သူ၏ မိခင်ဒေါ်မြလေးမှ ထိန်းသိမ်းထားပါသဖြင့် ကွယ်လွန်သူ အစ်မဖြစ်သူ၏ အမွေဆက်ခံသူ ဒေါ်အေးအေးသန်း၏ သဘောတူခွင့်ပြုချက်မရှိ ရောင်းချပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၄၈၂၈၆)**
**အမှတ်(၂၀၁)၊ တိုက်(၄)၊ အေ (၂)လမ်း၊ (၉၄)ရပ်ကွက်၊**
**ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဒဂုံမြို့သစ်ခရိုင်။ ဖုန်း - ၀၉- ၉၆၀၄၁၄၉၇၂၊ (Viber) ၀၉- ၉၆၀၄၁၄၉၇၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမ၊ ခိုင်ရွှေဝါလမ်းသွယ်၊ အမှတ် (၂၉/ဒီ)၊ ၄လွှာ(ဘီ)၊ ခြေရင်း၊ အကျယ်အဝန်း (၄၂ ပေ x ၂၈ ပေ)ရှိ တိုက်ခန်းနှင့်တကွ ၎င်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ရှိထားသူ ဦးထင်လင်းအောင် မှတ်ပုံတင်အမှတ် [၁၂/စခန(နိုင်)၀၀၃၁၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တချို့ပေးချေထားပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် ( B.Com, D.A,R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၅၅၆/၂၉-၁၁-၂၀၁၆)**
**အခန်းအမှတ်-G၊ တိုက်အမှတ်(၁၀/၁၂)၊ ၃၅ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၄၃၁၅၃၆၃၆၊ ၀၉-၇၃၁၅၃၆၃၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာ၊ မြေညီထပ်၊ ဆိုင်ခန်းအမှတ် ( F-25 )၊ ဆိုင်ခန်းသည် ဒေါ်ကေသီဇော် [၃/ဖပန(နိုင်)၀၁၆၃၃၆] မှ အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အမွေဆိုင်အရှုပ်အရှင်းအပါအဝင် ပိုင်ဆိုင်မှုအရှုပ်အရှင်းများကင်းရှင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အဆိုပါဆိုင်ခန်းအား အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဆိုင်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄ ) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၁)**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း ၀၉-၇၇၅၁၄၄၄၀၂**

## ကြော်ငြာစာ

